# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၇၇)


## နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် အမြဲထာဝရ သစ္စာစောင့်သိ

ရဲဘော်တို့ဟာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ် တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်လာမယ့် နိုင်ငံတော်ကို ကာကွယ်နိုင်ဖို့ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော်တည်ဆောက်ရေး အတွက် လူသားအရင်းအမြစ်တွေဖြစ်၊ ဒါကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် အမြဲထာဝရ သစ္စာစောင့်သိ။



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်း ပြောကြားစဉ်။
(သတင်းစဉ်)

# နိုင်ငံတော်ကြီးဘယ်ခေတ်ဘယ်အခါနှင့်မျှမတူ တည်ငြိမ်အေးချမ်းမှုရရှိနေ အစိုးရနှင့်ပြည်သူလက်တွဲပြီး ခေတ်သစ်စနစ်သစ်အတွက် လိုအပ်ချက်များဖြည့်ဆည်း အနာဂတ်ကာလတွင် တက်လာမည့်အစိုးရ လုပ်ရကိုင်ရခက်ခဲနိုင်မည့်လုပ်ငန်းများ

# တပ်မတော်ကခေါင်းခံဆောင်ရွက်နေခြင်းသည် တပ်မတော်၏စေတနာမှန်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၉) သင်တန်းဆင်းပွဲအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ရဲဘော်တို့**–

ဒီနေ့ဟာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၉)ရဲ့ သင်တန်းဆင်းပွဲအခမ်းအနားဖြစ်တယ်။ တပ်မတော်ရဲ့အစဉ်အလာ (၁၂)ရပ်ကို လက်ဆင့်ကမ်းသယ်ဆောင်ကြရမယ့် ရဲဘော်တို့ဟာ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရတော့မှာဖြစ်တဲ့အတွက် မှာကြားစရာရှိတာတွေကို အလေးအနက်မှာကြားသွားမှာဖြစ်တယ်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ●



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

# ကျန်းမာရေးနှင့်ညီညွတ်ပြီး နိုင်ငံခြားငွေရရှိနိုင်သည့် ရေထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၉၈ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၀၂ခုနှစ် စက်တင်ဘာ ၁၈ ရက်၌ အာဆီယံ ငါးလုပ်ငန်း အဖွဲ့ချုပ်၏ အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ဒေသတွင်း ငါးလုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ပြည်ပသို့ မြန်မာ့ရေထွက်ပစ္စည်းများကို နှစ်စဉ်တိုးတက်တင်ပို့နိုင်ခဲ့သည်။

မြန်မာ့ရေထွက်ပစ္စည်းများမှာ အခြားနိုင်ငံများမှထွက်ရှိသော ရေထွက်ပစ္စည်းများနှင့် မတူထူးကဲသော အရသာရှိသည့်အပြင် ကျန်းမာရေးနှင့်ပို၍ ညီညွတ်မှုလည်းရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ငါးအမျိုးမျိုး၊ ပုစွန်နှင့် ကဏန်းတို့မှာ ပြည်ပသို့ တင်ပို့ရောင်းချရာ၌ မျက်နှာပန်းလှကာ အဝယ်လိုက်ပြီး ဈေးကောင်းရနေသည်။

ထို့ကြောင့် နိုင်ငံတော်၏ ရေထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးတို့ကို စွမ်းအားပြည့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်နှင့်အမျှ နိုင်ငံအတွက် နိုင်ငံခြားငွေများပိုမို တိုးတက်ရရှိမည် ဖြစ်သည်။

မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်ရေးတွင် ရေချိုနှင့်ရေငန်လုပ်ငန်း နှစ်ရပ်ရှိပြီး ရေချိုမွေးမြူထုတ်လုပ်ရေးတွင် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်း၊ တီလားပီးယားနှင့် အခြား ငါး၊ ပုစွန်များပါဝင်သည်။ ရေငန်မွေးမြူရေးတွင် ပုစွန်ကျား၊ ပုစွန်ဖြူ၊ ကျောက်ငါး၊ ကျောက်ပုစွန်နှင့် ကဏန်းပျော့ စသည်တို့ပါဝင်သည်။ နှစ်မျိုးစလုံး ပိုမိုမွေးမြူထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ကျန်းမာရေးနှင့်ညီညွတ်ပြီး စီးပွားရေး တိုးတက်ဖြစ်ထွန်းနိုင်သည့်အပြင် နိုင်ငံအတွက် နိုင်ငံခြားငွေရှာဖွေပေးသော ရေထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ် ဘန်ကီမွန်းကျမ်းသစ္စာကျိန်ဆို

ကုလသမဂ္ဂ ဒီဇင်ဘာ ၁၅

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ထားခြင်းခံရသော တောင်ကိုရီးယားနိုင်ငံသား ဘန်ကီမွန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးအတွက် ဒီဇင်ဘာ ၁၄ရက်က ကျမ်းကျိန်ဆိုလိုက်ပြီဖြစ်သည်။**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ကျမ်းကျိန်ဆိုပွဲသို့ ကုလသမဂ္ဂ သံတမန်များ၊ ကုလသမဂ္ဂထိပ်တန်း အရာရှိများ၊ လက်ရှိကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ ရှိတ်ခါဟာရာရှိတ် အယ်ခါလီဖာတို့ရှေ့တွင် မစ္စတာဘန်ကီမွန်းက ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။

### ပံ့ပိုးဆောင်ရွက်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ကျမ်းကျိန်ဆိုပွဲ အခမ်းအနားတွင် ဘန်ကီမွန်းက ပို၍ငြိမ်းချမ်းသော ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးဖြစ်လာစေရေး ပံ့ပိုးဆောင်ရွက်ပေးသွားမည့် ကုလသမဂ္ဂ၏ ကိုယ်စားပြုသူ တစ်ဦးအနေဖြင့် ကြိုးစားအကောင်အထည်ဖော်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

### ကတိပြု

ထို့အပြင် ကုလသမဂ္ဂတွင်လည်း အလုပ်တာဝန်များကို အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာဘန်ကီမွန်းက ကတိပြုပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အသည်းအစားထိုး ကုသခဲ့သူ အမျိုးသမီး ကလေးအောင်မြင်စွာ မွေးဖွားပေးနိုင်

**ချောင်ကျင်း ဒီဇင်ဘာ ၁၅**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ချောင်ကျင်းမြို့၌ လွန်ခဲ့သောနှစ်နှစ်က အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သော အမျိုးသမီးတစ်ဦးသည် ကလေးတစ်ဦးအား မွေးဖွားပေးနိုင်ခဲ့သည်။

### အစားထိုးကုသ

အသက် (၂၉)နှစ်ရှိ ဖန်ဂျီးသည် ကျန်းမာသန်စွမ်းသော ယောကျ်ားလေးအား မွေးဖွားခဲ့ချိန် ဒီဇင်ဘာ ၁၀ရက်က အလွန်ပျော်ရွှင်နေသော မိခင်ဖြစ်လာခဲ့သည်။ ယင်းမှာ အစားထိုး ကုသမှုခံယူထားသော အမျိုးသမီးများ ကလေး မွေးဖွားခြင်းသည် တရုတ်နိုင်ငံ၌ စတုတ္ထမြောက်ဖြစ်ပြီး ကမ္ဘာတွင် ၄၀ မြောက် ဖြစ်သည်။

### ပြောကြား

အဆိုပါကလေးသည် မွေးဖွားပြီးချိန်တွင် အလေးချိန် ၄ ဒသမ ၄၁ကီလိုဂရမ်ရှိသည်။ ယခုအခါ ကလေးရော မိခင်ပါ ကျန်းမာစွာရှိနေကြောင်း ဒေါက်တာ ဒူချန်ယုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၁၆–၁၂–၂၀၀၆**
**(စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ ဆရာတော်ဦးဃောသိတ တရားတော် “မြန်မာပြည်သား အရှင်ပုဏ္ဏ”

**နေ့လယ်ပိုင်း**

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **“နှုတ်ခမ်းထက်ကစားသွား”** ကျော်ဟိန်း၊ မျိုးသန္တာထွန်း၊ စည်သူလွင်၊ ပိုင်ဇေရဲထွန်း၊ **ဒါရိုက်တာ**–ကြည်ဖြူရှင်
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၀။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၁။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်”** (အပိုင်း–၃)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၆။ English Premier League ဘောလုံးပွဲ Arsenal Vs Postmouth (Live)

## ဘိုကလေး အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

**ဘိုကလေးမြို့ အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၃၀ ရက် (စနေနေ့)တွင် အောင်ဆန်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါနေ့ ညနေ ၄ နာရီတွင် အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ပူဇော်ပွဲလာ တပည့်များအား ကျင်းပရေးကော်မတီက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်သည်။**

**ဒီဇင်ဘာ ၃၁ ရက် နံနက် ၅ နာရီတွင် မြို့မဆွမ်းလောင်းအသင်း ဓမ္မာရုံကြီးတွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၃ ကျောင်းမှ သံဃာတော်အပါး ၉၀၀ ကျော်တို့အား ဆရာကြီး၊ ဆရာမကြီးများနှင့် တပည့်များ၏ သံဃာ့ဒါန အရုဏ်ဆွမ်းလောင်းလှူပွဲကို ကျင်းပမည်ဖြစ်သည်။**

**ဆရာကြီး၊ ဆရာမကြီးများနှင့် တပည့်များအတွက် ဒီဇင်ဘာ ၂၉ ရက် (သောကြာနေ့)ညနေ ၄နာရီတွင် ရန်ကုန်မြို့ လမ်းမတော်ဆိပ်ကမ်းမှ ထော်ပိုင် ရေယာဉ်ဖြင့် ဘိုကလေးမြို့သို့ လိုက်ပါနိုင်ရန် စီစဉ်ထားသည်။ လိုက်ပါကြမည့် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် တပည့်များသည် ဘိုကလေးမြို့နယ် အသင်း(ရန်ကုန်) အမှတ်၅၄ တတိယထပ် ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ဖုန်း–၂၁၂၅၀၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။** (က–ပ)

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

**မော်တော်ယာဉ်မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးခဲ့ရသော ဒိုင်ယာနာမင်းသမီး၏ အမှုကို နှစ်ရှည်လများ စုံစမ်းစစ်ဆေးခဲ့ပြီး အမှုစုံစမ်းစစ်ဆေးရေးမှူး လော့ဒ်ဂျွန်စတီဗင်က အစီရင်ခံစာ တစ်စောင်ကို ဒီဇင်ဘာ ၁၄ ရက်၌ ဓာတ်ပုံနှင့်တကွ ထုတ်ပြန်လိုက်စဉ်။**

(အဆိုပါ အစီရင်ခံစာအရ ဒိုင်ယာနာမင်းသမီး သေဆုံးရမှုမှာ လျို့ဝှက်ကြံစည် သတ်ဖြတ်မှုတစ်ရပ် မဟုတ်ကြောင်း၊ လျို့ဝှက် ကြံစည်သတ်ဖြတ်မှုနှင့် ဆက်နွှယ်သည်ကို မတွေ့ရှိရကြောင်း ဖော်ပြထားသည်။)

**(ဓာတ်ပုံ–အင်တာနက်)**

## မလေးရှားနိုင်ငံမှ မီယာဆက်–၃ ဂြိုဟ်တု ရုရှားဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်

ကွာလာလမ်ပူ ဒီဇင်ဘာ ၁၅

**မလေးရှားနိုင်ငံ၏ တတိယမြောက်ဂြိုဟ်တုဖြစ်သော မီယာဆက်–၃ ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနာအာကာသစခန်းမှ ရုရှားဒုံးပျံကိုသုံး၍ ဒီဇင်ဘာ၁၂ရက်က အာကာသတွင်းသို့ အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်ကြောင်း မလေးရှား သတင်းဌာန ဘာနာမာက ပြောကြားသည်။**



အဆိုပါ ဂြိုဟ်တုမှာ အမေရိကန်ဒေါ်လာသန်း ၂၂၀တန်ပြီး ဘိုးရင်းဂြိုဟ်တုစနစ်ဖြင့် တည်ဆောက်ထားသည်။ ယင်းကို ရုရှားဒုံးပျံ ပရိုတွန်က အောင်မြင်စွာ လွှတ်တင်ပေးခဲ့သည်။

ယင်းဂြိုဟ်တုကို မလေးရှားအရှေ့အာရှဂြိုဟ်တုစနစ် မီယာဆက်က ပိုင်ဆိုင်ပြီး ယင်းဂြိုဟ်တုမှာ အာရှ၊ အရှေ့ဥရောပ၊ သြစတြေးလျနှင့် အာဖရိကတို့တွင် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးမည်ဖြစ်သည်။

မလေးရှားနိုင်ငံသည် မီယာဆက်–၁နှင့် မီယာဆက်–၂တို့ကို ၁၉၉၆ခုနှစ်က လွှတ်တင်ခဲ့သည်။ ယင်းဂြိုဟ်တုနှစ်လုံးမှာ ၁၂ နှစ် သက်တမ်းရှိနေပြီဖြစ်သည်။မလေးရှားနိုင်ငံသည် လာမည့်နှစ်များအတွင်း ဂြိုဟ်တုများ ပိုမိုလွှတ်တင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နိုင်ငံတော်နှင့်နိုင်ငံသားတို့ကို အကြွင်းမဲ့ဆက်လက်ကာကွယ်စောင့်ရှောက်သွားနိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်အဖြစ်တည်ဆောက်

● *ရွှေဖုံးမှ*

**ရဲဘော်တို့–**

ဒို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ မျိုးချစ်စိတ်ဓာတ် ထက်သန်တဲ့ နိုင်ငံသားတွေနဲ့ ဖွဲ့စည်းခဲ့တဲ့ တပ်မတော်ဖြစ်တယ်။ နယ်ချဲ့ စနစ်ဆိုးရဲ့ အမျိုးမျိုးသော နှိပ်စက်မှုတွေကို မခံမရပ်နိုင်လွန်းလို့ လွတ်လပ်ရေး အတွက် ရရာလက်နက်ကို စွဲကိုင်ပြီး တိုက်ပွဲဝင်ခဲ့ရတဲ့ တပ်မတော်ဖြစ်တယ်။ **လွတ်လပ်မှ အမျှဝေပါ** ဆိုတဲ့စကားဟာ ဒို့တပ်မတော်သားတွေရဲ့ မျိုးချစ်စိတ်ဓာတ်ကို ထူးထူးကဲကဲ ထင်ရှားစေခဲ့တာဖြစ်တယ်။

ဒို့တပ်မတော်သားတွေဟာ လစာ၊ ရိက္ခာ၊ စစ်ဝတ်ဆိုတဲ့ အခွင့်အရေးတွေကို လုံးဝမျှော်မှန်းခြင်းမရှိဘဲ **ခလုတ်ကိုသင်ဖြူး၊ ဆူးကိုမွေ့ရာ** ဆိုတဲ့ဘဝမှာ အပင်ပန်းအဆင်းရဲခံခဲ့ကြတယ်။ အခက်အခဲဟူသမျှကို ရဲစွမ်းသတ္တိရှိရှိ ရင်ဆိုင်ကျော်လွှားခဲ့ကြတယ်။ အဲဒီအချိန်က စစ်စည်းကမ်းရယ်၊ စစ်ဘက်ဥပဒေရယ်လို့ ပြဋ္ဌာန်းထားခြင်း မရှိသေးပေမယ့်လဲ စိတ်ထားမြင့်မြတ်တဲ့ တပ်မတော်သားတွေဟာ ပင်ကိုအသိစိတ်ဓာတ်နဲ့ စည်းကမ်းကောင်းမွန်ခဲ့ကြတယ်။ ဒါ့အပြင် တော်လှန်ရေးရဲဘော်အချင်းချင်း **ရဲဘော်စိတ်နဲ့** သွေးစည်းညီညွတ်ခဲ့ကြပြီး ရဲဘော်လို့ အခေါ်ခံရတာသည် ပင်လျှင် ဂုဏ်ယူစရာဖြစ်ခဲ့တယ်။

## လေးစားအားကိုး

ရဲဘော်တွေဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်သားတွေပီပီ ရောက်ရာဒေသမှာတွေ့ရတဲ့ ပြည်သူကို အမိ၊ အဖ၊ ညီအစ်ကိုမောင်နှမအရင်းအချာပမာ ဆက်ဆံခဲ့ကြတယ်။ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးကလဲ **ရဲဘော်တွေ**ကို အလွန်လေးစားအားကိုးပြီး ရင်နှစ်သည်းချာပမာ စောင့်ရှောက်ခဲ့ကြတယ်။ ဒို့တပ်မတော်ဟာလဲ ပြည်သူတွေအားထားနိုင်လောက်အောင် စွမ်းရည်ရှိခဲ့တယ်။ နယ်ချဲ့တွေဟာ ဒို့တပ်မတော်ရဲ့ စွမ်းရည်ကို အသိအမှတ်မပြုလို့မရတော့တာကြောင့် လွတ်လပ်ရေးကို ပေးလိုက်ရတာဖြစ်တဲ့အတွက် ဒို့နိုင်ငံကို လက်လွှတ်လိုက်ရတဲ့အခါ **မစားရတဲ့အမဲ သဲနဲ့ပက်** ဆိုသလို တိုင်းရင်းသားချင်း စိတ်ဝမ်းကွဲပြီး သွေးချောင်းစီးအောင် ဖန်တီးခဲ့ကြတယ်။

**ရဲဘော်တို့–**

ဒို့နိုင်ငံရဲ့သမိုင်းကြောင်းကို ပြန်ကြည့်ရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဟာ အမျိုးသားနိုင်ငံရေးရဲ့ အဓိကအချက်ဖြစ်ကြောင်း တွေ့ရတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရင် ပြည်ထောင်စု ပြိုကွဲမှာဖြစ်ပြီး တစ်ဆက်တည်းပဲ အချုပ်အခြာအာဏာကိုလဲ လက်လွှတ်ဆုံးရှုံးသွားမှာ ဖြစ်တယ်။

ယနေ့ဆိုရင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့တာကြောင့် တောတွင်းလက်နက်ကိုင်အဖွဲ့အားလုံးနီးပါးဟာ ဥပဒေဘောင်အတွင်းကို ပြန်လည် ရောက်ရှိလာကြပြီဖြစ်တယ်။ တပ်မတော်နဲ့ လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြတဲ့အပြင် အမျိုးသားညီလာခံကြီးကို တက်ရောက်ပြီး ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆွေးနွေးတိုင်ပင်လျက်ရှိကြတယ်။

## ဒို့တာဝန်အရေးသုံးပါး

နိုင်ငံတော်ကြီးဟာလဲ ဘယ်ခေတ် ဘယ်အခါနဲ့မျှမတူအောင် တည်ငြိမ်အေးချမ်းမှုကို ရရှိနေပြီဖြစ်တယ်။ ဒါကြောင့် စစ်မှန်တဲ့ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည်သာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ကြောင်း အခိုင်အမာတွေ့ရှိရတယ်။ ရဲဘော်တို့ဟာလဲ ရောက်ရာဒေသ ကျရာတာဝန်မှာ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ပြီး ဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့–**

ဒို့တပ်မတော်ဟာ နိုင်ငံတော်မှာအရေးကြုံတိုင်း အမျိုးသားရေးကို ရှေးရှုပြီး ပြည်သူ့ဘက်ကရပ်တည်ခဲ့တဲ့ တပ်မတော်ဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်နဲ့နိုင်ငံသားတို့ကို အကြွင်းမဲ့ဆက်လက်ကာကွယ်စောင့်ရှောက်သွားနိုင်ဖို့အတွက် တပ်မတော်ကို **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်** အဖြစ် တည်ဆောက်လျက်ရှိတယ်။

## ကိုယ့်ခွန်ကိုယ့်အား

အတိတ်ကာလက ခေတ်မီအမြဲတမ်းတပ်မတော် မရှိခဲ့လို့ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရတယ်။ လွတ်လပ်ရေးတိုက်ပွဲအတွက် သူတစ်ပါးကို အားကိုးခဲ့ရတဲ့အခါမှာလဲ **ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး** ဆိုတဲ့ အဖြစ်မျိုးရောက်ခဲ့ရတယ်။ ဒါကြောင့် ကမ္ဘာ့အလယ်မှာ ကိုယ့်ခွန်ကိုယ့်အားနဲ့ ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်အောင် တပ်မတော်ကို ကြိုးပမ်း တည်ဆောက်သွားကြဖို့ ပြောကြားလိုတယ်။

**ရဲဘော်တို့–**

တပ်မတော်ကို လက်ဆင့်ကမ်းတည်ဆောက်သွားကြမယ့် ရဲဘော်တို့ဟာ စစ်သည်တော်ကောင်းများဖြစ်ဖို့လိုသလို ခေါင်းဆောင်ကောင်းများလဲ ဖြစ်ကြဖို့လိုအပ်တယ်။

စစ်သည်တော်ကောင်းဆိုတာ သစ္စာလေးချက်ကို အသက်ပေးစောင့်ထိန်းရမယ်၊ အမိန့်နာခံတတ်ပြီး စစ်စည်းကမ်းကောင်းမွန်ရမယ်၊ စိတ်ဓာတ်ခိုင်မာပြီး ဇွဲသတ္တိရှိတဲ့အပြင် စွန့်လွှတ်စွန့်စားလိုစိတ်လဲရှိရမယ်၊ အချင်းချင်းရဲဘော်စိတ်နဲ့ စည်းလုံးညီညွတ်မှုရှိရမယ်၊ ကျန်းမာကြံ့ခိုင်ပြီး တိုက်ရည်ခိုက်ရည် ပြည့်ဝရမယ်၊ စွမ်းရည်သုံးရပ်နဲ့ပြည့်စုံပြီး သန္နိဋ္ဌာန်စိတ်နဲ့ ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရမယ်။

## ကောင်းရာကောင်းကျိုးကြိုးပမ်း

ခေါင်းဆောင်ကောင်းဆိုတာကတော့ မိမိခေါင်းဆောင်ရတဲ့အဖွဲ့အစည်းကို အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် တည်ဆောက်နိုင်စွမ်းရှိရမယ်၊ အခွင့်အရေးနဲ့ယှဉ်လာရင် မိမိက အမြဲအနစ်နာခံတတ်ရမယ်၊ ကွပ်ကဲမှုနဲ့ကြီးကြပ်မှုကောင်းရမယ်၊ ဗဟုသုတနဲ့ အတွေ့အကြုံကြွယ်ဝပြီး ထိုးထွင်းကြံဆ လုပ်ကိုင်တတ်ရမယ်၊ တပ်မှူးကောင်းစိတ်ဓာတ်နဲ့ မိဘသဖွယ်စိတ်ဓာတ်ရှိရမယ်၊ တပ်ရဲ့ ကောင်းရာကောင်းကျိုးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လိုစိတ် ရှိရမယ်၊ သတ္တိ၊ ဗျတ္တိ ရှိရမယ်။

ဒီအချက်တွေဟာ တပ်ဖွဲ့ဝင်တွေမှာရှိရမယ့် မူလအရည်အချင်းတွေနဲ့ ခေါင်းဆောင်တွေမှာရှိရမယ့် အင်္ဂါရပ်တွေပဲဖြစ်တယ်။ ရဲဘော်တို့ဟာ ဒီအချက်တွေနဲ့ပြည့်စုံအောင် ဖြည့်ဆည်းပြီးတဲ့နောက် မိမိကိုယ် မိမိ ခေါင်းဆောင်ကောင်း ဖြစ်အောင် တည်ဆောက်သွားကြရမှာဖြစ်တယ်။

**ရဲဘော်တို့–**

စစ်ဘက်သဘောသဘာဝအရ တာဝန်ကို အမိန့်နဲ့ပေးအပ်ရတာ ဖြစ်ပေမယ့် တပ်ဖွဲ့ဝင်အားလုံးက အသိနဲ့ယှဉ်ပြီး လိုလားတက်ကြွစွာ ထမ်းဆောင်မှသာ အောင်မြင်မှုကို မလွဲမသွေ ရရှိမှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်အင်အားကို စုစည်းနိုင်စွမ်း ရှိရမယ်။ တပ်ဖွဲ့ဝင်တွေအတွက် လိုအပ်တဲ့စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးတွေကို အစဉ်အမြဲ ဖြည့်ဆည်းပေးနေရမယ်။

## မြဲသုံးမြဲလက်ကိုင်ထား

ပေါ်ပေါက်လာနိုင်တဲ့ လုပ်ငန်းတာဝန်တွေကို ကြိုတင်မျှော်တွေးပြီး အခြေအနေဖန်တီးနိုင်ခွင့်ဟာ မိမိလက်ဝယ်မှာရှိနေအောင် **အမြဲတမ်း လေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်ရမည်** ဆိုတဲ့ **မြဲသုံးမြဲ**ကိုလက်ကိုင်ထားကြရမယ်။ မမျှော်မှန်းထားတဲ့ အခြေအနေမျိုးဟာလဲ အချိန်မရွေး ကြုံတွေ့နိုင်တာကြောင့် အတွေ့အကြုံရင့်ကျက်သူတွေနဲ့ ကြိုတင်ညှိနှိုင်းတိုင်ပင်ထားရမယ်။

အရေးအကြီးဆုံးအချက်ကတော့ လက်အောက်ခံတပ်ဖွဲ့ဝင်များရဲ့ ယုံကြည်လေးစားအားထားမှုကို ရရှိဖို့ပဲဖြစ်တယ်။ အထက်က ခန့်အပ်ပေးတာက ရာထူးတာဝန်သာဖြစ်ပြီး လက်အောက်က တင်မြှောက်မှသာ ခေါင်းဆောင်အဖြစ်ကို အမှန်တကယ်ရရှိတာဖြစ်ကြောင်း ပြောကြားလိုတယ်။ ဒါကြောင့် **နောင်တစ်ခေတ်၏ အောင်စစ်သည်** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ခေါင်းဆောင်ကောင်းများဖြစ်အောင် အားထုတ်ကြိုးပမ်းကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့–**

ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အသက်ကို စွန့်လွှတ်ဖို့ သစ္စာအဓိဋ္ဌာန်ပြုထားကြသူတွေဖြစ်တယ်။ တိုင်းပြည်အတွက် အသက်ကို စွန့်လွှတ်ရခြင်းထက် ကြီးမြတ်တဲ့ဂုဏ်ဆိုတာ မရှိကြောင်း ခံယူထားကြသူတွေဖြစ်တယ်။ ဒါကြောင့် နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေးအတွက်သော်လည်းကောင်း၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ခိုင်မာရေးအတွက်သော်လည်းကောင်း ရန်သူနဲ့ ရင်ဆိုင်ခဲ့ရသော် **ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ရဲစွမ်းသတ္တိကိုပြကြရမယ်။ သို့သော်လဲ စစ်ရေးဆောင်ရွက်ချက်တွေဟာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ အုပ်ချုပ်ရေးတို့ကို အထောက်အကူသာဖြစ်စေရမယ်။ စစ်ရေးဆိုတာ နိုင်ငံရေးရဲ့အဆက် ဖြစ်တယ်။ ဒို့တပ်မတော်ဟာ တို့နိုင်ငံနဲ့ တို့ပြည်သူကိုကာကွယ်စောင့်ရှောက် ဖို့သာ ဖြစ်တဲ့အတွက် နိုင်ငံရေးအမှားကြောင့် မလိုလားအပ်တဲ့ စစ်ရေးနဲ့ ဖြေရှင်းရမှုတွေ မပေါ်ပေါက်ရအောင် ထိန်းသိမ်းနိုင်စွမ်းရှိကြရမယ်။ ဒါကြောင့် ရဲဘော်တို့ဟာ စစ်ရေးအမြင်သာမက နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်တို့နဲ့ပါ ပြည့်စုံကြဖို့ လိုကြောင်း မှာကြားလိုတယ်။

**ရဲဘော်တို့–**

ဒို့တပ်မတော်ဟာ နိုင်ငံတော်ရဲ့တာဝန်ကို ယူလိုက်ရပြီး နိုင်ငံတော်ရဲ့ နိုင်ငံရေးစနစ်နဲ့ စီးပွားရေးစနစ်တွေကို ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ အသွင်ကူးပြောင်းပေးနေရတာဖြစ်တယ်။ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာဟာ **သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေး** ဆိုတာလို အလွန်နက်နဲကျယ်ပြန့်တယ်။ ဈေးကွက်စီးပွားရေးစနစ်ဆိုတာဟာလဲ အရင်းအနှီးနဲ့ ကူးသန်းရောင်းဝယ်မှု အတွေ့အကြုံမရှိသေးရင် သူတကာလှည့်သမျှ ခံရမှာဖြစ်တယ်။ ဒါကြောင့် တပ်မတော်အစိုးရဟာ ပြည်သူနဲ့လက်တွဲပြီး ခေတ်သစ် စနစ်သစ်အတွက် အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိတဲ့အပြင် တစ်ချိန်တည်းမှာပဲ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဒို့နိုင်ငံ၊ ဒို့လူမျိုးရဲ့ အခြေအနေနဲ့ကိုက်ညီအောင် ဆောင်ရွက်ရတာဖြစ်တယ်။ ဒါမှသာ နိုင်ငံတော်ကြီးဟာ အန္တရာယ်အသွယ်သွယ်က ကင်းလွတ်ပြီး ဒီမိုကရေစီစနစ်ဟာလဲ ရေရှည်ခိုင်မြဲမှာပဲဖြစ်တယ်။ အနာဂတ်ကာလမှာ မဲဆန္ဒနဲ့ တက်လာမယ့် အစိုးရတွေ လုပ်ရကိုင်ရခက်ခဲနိုင်မယ့် လုပ်ငန်းမျိုးတွေကို တပ်မတော်က ခေါင်းခံပြီး ဆောင်ရွက်နေခြင်းဟာ တပ်မတော်ရဲ့ စေတနာမှန်ဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့–**

နိဂုံးအားဖြင့်ပြောကြားရရင် ရဲဘော်တို့ဟာ **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်** တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်လာမယ့် နိုင်ငံတော်ကို ကာကွယ်နိုင်ဖို့ **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်** တည်ဆောက်ရေးအတွက် လူသားအရင်းအမြစ်တွေဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် အမြဲထာဝရ သစ္စာစောင့်သိကြဖို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

**ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အသက်ကိုစွန့်လွှတ်ဖို့ သစ္စာအဓိဋ္ဌာန် ပြုထားကြသူတွေဖြစ်။ တိုင်းပြည်အတွက် အသက်ကို စွန့်လွှတ်ရခြင်းထက် ကြီးမြတ်တဲ့ဂုဏ်ဆိုတာ မရှိကြောင်း ခံယူထားကြသူတွေဖြစ်။ ဒါကြောင့် နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေး အတွက်သော်လည်းကောင်း၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ခိုင်မာရေး အတွက်သော်လည်းကောင်း ရန်သူနဲ့ရင်ဆိုင်ခဲ့ရသော် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ရဲစွမ်းသတ္တိကိုပြကြရမယ်။**

# နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးစာပေဖြစ်

**စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း**

# သံတမန်ယဉ်ကျေးမှုကို လူတိုင်းသိထားသင့်

**သံအမတ်ကြီး ဦးဖေသိန်းတင်**

# မြန်မာ့စီးပွားရေးသူရဲကောင်းတွေ ပေါ်ပေါက်စေချင်

**စာရေးဆရာမ နန်းမြကေခိုင်**

တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ပြီး အမျိုးသားစာပေဆုချီးမြှင့်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏အမည်စာရင်းကို ဒီဇင်ဘာ ၁၄ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။**

အဆိုပါ အမျိုးသားစာပေဆုများတွင် **"နေမင်းတစ်ထောင်"** ဝတ္ထု ရှစ်အုပ်တွဲဖြင့် အမျိုးသားစာပေ ဝတ္ထုရှည်အဖြစ် ရွေးချယ်ခံရသော စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းနေထိုင်ရာ သာကေတမြို့နယ် အရှေ့(၇)ရပ်ကွက် အောင်သပြေ(၇)လမ်း နေအိမ်သို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။



**"နေမင်းတစ်ထောင်ဝတ္ထုဟာ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြောင့် ဖြစ်ပေါ်လာတာဖြစ်ပါတယ်"**
စာရေးဆရာကြီး
ဆင်ဖြူကျွန်းအောင်သိန်း။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ဆင်ဖြူကျွန်းအောင်သိန်း

ရှေးဦးစွာ အမျိုးသားစာပေဆုရှင် ဆင်ဖြူကျွန်းအောင်သိန်းက ပြောကြားရာတွင် "ဒီဇင်ဘာလ ၁၄ရက် ညက ရေဒီယို ဖွင့်နားထောင်နေခိုက် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိသူများစာရင်း ကြေညာနေသည်ကို ကြားသိရကြောင်း။

ဆင်ဖြူကျွန်း အောင်သိန်း၏ **"နေမင်းတစ်ထောင်"** ဝတ္ထုရှစ်အုပ်တွဲသည် အမျိုးသားစာပေ ဝတ္ထုရှည်ဆုအဖြစ် အရွေးချယ်ခံရကြောင်း သိရသည့်အခါ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကိုပြေးပြီးသတိရမိပါကြောင်း၊ အကြောင်းမူ ဆင်ဖြူကျွန်းအောင်သိန်း၏ **"နေမင်းတစ်ထောင်"** ဝတ္ထုသည် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြောင့် ဖြစ်ပေါ်လာရသော ဝတ္ထုဖြစ်၍ ပြောရခြင်းဖြစ်ပါကြောင်း။

ယင်းအချိန်က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဥက္ကဋ္ဌသည် ကဗျာဆရာကြီး ထီလာစစ်သူ ဖြစ်ပါကြောင်း၊ သူက ကဗျာဆရာဖြစ်သော်လည်း စကားပြေ အထူးသဖြင့် ဝတ္ထုရှည်များကို စိတ်ဝင်စားကြောင်း၊ မြန်မာဂန္ထဝင် ဝတ္ထုရှည်ကြီးများကို စိတ်ဝင်စားသည့်အတွက် အမှုဆောင်ကော်မတီဝင်များထဲမှ ဝတ္ထုဖြင့်ထင်ရှားသော လယ်တွင်းသား စောချစ်ကို ဂန္ထဝင် ဝတ္ထုရှည်တစ်ပုဒ် ရေးရန် တိုက်တွန်းခဲ့ကြောင်း။

## နယ်ချဲ့ဆန့်ကျင်ရေး

လယ်တွင်းသားစောချစ်က ဆင်ဖြူကျွန်း အောင်သိန်းကို လွှဲချရုံမျှမက စာပေနှင့်စာနယ်ဇင်းအဖွဲ့၏အမှုဆောင် အစည်းအဝေးသို့ပါ တစ်ပါတည်းခေါ်သွားခဲ့၍ ဆင်ဖြူကျွန်းအောင်သိန်းက ကုန်းဘောင်ခေတ်လယ် ပုဂံမင်းလက်ထက်မှ လက်ရှိကာလအထိ အမျိုးသားယဉ်ကျေးမှုနောက်ခံဖြင့် နယ်ချဲ့ဆန့်ကျင်ရေး ဝတ္ထုတစ်ပုဒ်ရေး ပေးပါမည်။ စာတစ်လုံးမျှမရေးမီ စရန်ပေးပါ။ လစဉ် စာမူ ၁၅ဖောင် ပေးပါမည် ဝန်ခံချက်ဖြင့် စတင်ရေးခဲ့ပါကြောင်း။

## ကျေးဇူးတင်

စာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များက မည်သို့ ရေးပါ၊ မည်သို့ မရေးပါနှင့် စသော ကန့်သတ်ချက်မျိုး တစ်ခွန်းမျှ မပြောသော်ငြားလည်း အသိဖြင့်ရေးသားခဲ့ပါကြောင်း၊ ဆယ်စုနှစ်တစ်စုကျော်အောင် ဖုန်တက်နေသော စာမူကို စာအုပ်ဖြစ်အောင် ထုတ်ဝေပေးခဲ့သော ပုဂံစာအုပ်တိုက်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားခဲ့ပါသည်။



**"သံတမန် ယဉ်ကျေးမှုကို လူတိုင်းသိထားသင့်ပါတယ်"**
သံအမတ်ကြီး ဦးဖေသိန်းတင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## သံအမတ်ကြီး ဦးဖေသိန်းတင်

ဆက်လက်၍ **"သံတမန်လမ်းညွှန်"** စာအုပ်ဖြင့် နိုင်ငံရေးစာပေ ဆုချီးမြှင့်ခံရသော သံအမတ်ကြီး ဦးဖေသိန်းတင် နေထိုင်ရာ ယောမင်းကြီးလမ်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့ကဆက်လက်သွားရောက်တွေ့ဆုံခဲ့ပါသည်။

သံတမန်လမ်းညွှန် စာအုပ်ဖြင့် အမျိုးသားစာပေဆုရ သံအမတ်ကြီး ဦးဖေသိန်းတင်က ပြောကြားရာတွင် "စာပေဆုရတာ ဂုဏ်ယူဝမ်းသာမိပါတယ်။ ဒီစာအုပ်ထုတ်ဖို့ ကြိုးစားတာကြာပါပြီ။ အငြိမ်းစားယူပြီးမှ ရေးနိုင်ခဲ့ပါတယ်။ ဝန်ထမ်းဘဝတစ်လျှောက်လုံး ဒီစာအုပ်ဖြစ်လာဖို့ အချက်အလက်တွေ စုခဲ့ရတာပါ။လူငယ်မျိုးသစ်တွေ သိသင့်သိထိုက်တဲ့ သံတမန်ရေးရာတွေ ရေးထားပါတယ်။ သံတမန်ယဉ်ကျေးမှုကို လူတိုင်း သိရှိထားဖို့ လိုပါတယ်"ဟု ပြောကြားသည်။

သံအမတ်ကြီး ဦးဖေသိန်းတင်သည် ပြင်သစ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် လည်းကောင်း၊ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးတွင် လည်းကောင်း ၂၂နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

## နန်းမြကေခိုင်

ထို့နောက် **"အိပ်မက်ခွန်အားဖြင့် ကမ္ဘာကျော်သူ ဟွန်ဒါဆိုးအိချိရော"** စာအုပ်ဖြင့် ဘာသာပြန် (သုတစာပေ) ဆုရ စာရေးဆရာမ နန်းမြကေခိုင် နေထိုင်ရာ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ အောင်ရတနာ အိမ်ရာသို့လည်း မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ စာရေးဆရာမ နန်းမြကေခိုင်က ပြောကြားရာတွင် "အိပ်မက်ခွန်အားဖြင့် ကမ္ဘာကျော်သူ ဟွန်ဒါဆိုးအိချိရောစာအုပ်ဟာ မိမိရဲ့ ဒုတိယမြောက် ဘာသာပြန်စာအုပ်ပါ။ ဂျပန်ဘာသာကနေ မြန်မာဘာသာကို တိုက်ရိုက် ဘာသာပြန်ထားတာပါ။ ဒီစာအုပ်ကို မူပိုင်ခွင့် သဘောတူညီချက်နဲ့ ဒိုင်းဒိုလိုက်ဖ် ဖောင်ဒေးရှင်း (The Daido Life Foundation)က ထုတ်ဝေခဲ့တာပါ။ စာပေဒါန အနေနဲ့ အုပ်ရေ ၂၀၀၀ ရိုက်ပြီး ထုတ်ဝေခြင်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ တက္ကသိုလ်တွေနဲ့ ဒီဂရီကောလိပ်တွေက စာကြည့်တိုက်တွေ၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ စာကြည့်တိုက်တွေနဲ့ ကုန်သည်ကြီးများနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအတွက် လှူဒါန်းခဲ့ပါတယ်။



**"စာဖတ်သူတွေ အတွက်လဲ အကျိုးရှိမယ့် သင်ခန်းစာတစ်ခုခုကို ဒီစာအုပ်ထဲမှာ ရှာဖွေတွေ့ရှိသွားပြီး လက်ခံကျင့်သုံးနိုင်မယ်ဆိုရင်တော့ ဘာသာပြန်ရကျိုးနပ်ပါပြီ"**
စာရေးဆရာမ
နန်းမြကေခိုင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မိမိ ဒီစာအုပ်ကို ဘာသာပြန်ရင်းနဲ့ ဟွန်ဒါဆီကရလိုက်တဲ့ သင်ခန်းစာသုံးချက်ရှိပါတယ်။ **ပထမအချက်က ဘာပဲလုပ်လုပ် ကိုယ်ပိုင်အမြင်ရှိရေးပါပဲ။ ဒုတိယအချက်က ဇွဲ၊ လုံ့လ၊ ဝီရိယရှိရေးပါပဲ။ တတိယအချက်က အခက်အခဲတွေ၊ အတားအဆီးတွေ ဘယ်လောက်ကြုံကြုံ မိမိရဲ့ စိတ်ကူးအိပ်မက်တွေကို လက်တွေ့ကျကျ ရဲရဲဝံ့ဝံ့ အကောင်အထည်ဖော်ချင်တဲ့ ကြံ့ခိုင်စွဲမြဲတဲ့ စိတ်ဓာတ်ရှိရေးပါပဲ။**

စာဖတ်သူတွေ အတွက်လဲ အကျိုးရှိမယ့် သင်ခန်းစာတစ်ခုခုကို ဒီစာအုပ်ထဲမှာ ရှာဖွေ တွေ့ရှိသွားပြီး လက်ခံကျင့်သုံးနိုင်မယ် ဆိုရင်တော့ မိမိအတွက် ဘာသာပြန်ရကျိုးနပ်ပြီလို့ ပြောချင်ပါတယ်။

နောက်ဆုံးပြောချင်တာလေးတစ်ခုကတော့ မိမိတို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဟာ သိပ်အရေးကြီးပါတယ်။ နိုင်ငံတော်က စက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးဖို့အတွက် အဘက်ဘက်က ဝိုင်းဝန်းကူညီအားပေးနေတဲ့ အချိန်မှာ စီးပွားရေးသူရဲကောင်းဖြစ်တဲ့ 'ဟွန်ဒါ'လို မြန်မာစီးပွားရေး သူရဲကောင်းတွေ၊ စက်မှုစွမ်းဆောင်ရှင်တွေ ပေါ်ပေါက်လာစေဖို့ ကျွန်မရဲ့စာအုပ်က ပံ့ပိုးတွန်းအားပေးနိုင်မယ်ဆိုရင်တော့ ဝမ်းသာလှပါပြီ။

မိမိ တတ်ကျွမ်းတဲ့ ဂျပန်ဘာသာစကားကို အသုံးပြုပြီးတော့ မြန်မာလူငယ်တွေရဲ့ အနာဂတ်တိုးတက်ရေးအတွက် အကျိုးပြုစာပေတွေကိုလည်း ဆက်လက်ရေးသားသွားဖို့ စိတ်ကူးဆန္ဒရှိပါတယ်။

ဒီစာပေဆုကို ရတာဟာ မိမိတစ်ယောက်တည်းရဲ့ ကြိုးစားအားထုတ်မှုကြောင့်ရတာ မဟုတ်ပါဘူး။ ကျွန်မရဲ့ အဖေနဲ့အမေ၊ ခင်ပွန်းသည်နဲ့ အဲဒီအချိန်က ရင်ထဲမှာ လွယ်ထားရတဲ့ သားငယ်လေးတို့ရဲ့ ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုတွေကြောင့် ဒီစာပေဆုကို ရရှိတာပါလို့ ပြောချင်ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားလိုက်ပါသည်။ ။

**(မြန်မာ့အလင်း)**

# ၂၀၀၅ ခုနှစ်အတွက်

# စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ၂၀၀၅ခုနှစ်အတွက် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏စာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

## ဝတ္ထုရှည်

ဝတ္ထုရှည်ဆုတွင် တတိယဆုကို သိန်းဇော်(ရွှေလီဦး)၏ **"ပန်းတောမြေ ရွှေရန့်သင်းပါလို့ လယ်ကွင်းကဒိုးသံ မိုးသို့လျှံ"**က ရရှိသည်။

## ဝတ္ထုတိုပေါင်းချုပ်

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို မြေလတ်မင်းလွင်၏ **"ကံကောင်းခြင်းလက်ဆောင်နှင့် အခြားဝတ္ထုတိုများ"**က လည်းကောင်း၊ ဒုတိယဆုကို နန္ဒာခင်(သက္ကလမြေ)၏ **"ရေကြည်ချမ်းမြနှင့် အခြားဝတ္ထုတိုများ"**က လည်းကောင်း၊ တတိယဆုကို ညွန့်လှိုင်ချစ်(ဘုတလင်)၏ **"လှပသောမနက်ဖြန်နှင့် အခြားဝတ္ထုတိုများ"**က လည်းကောင်း ရရှိကြသည်။

## ကဗျာပေါင်းချုပ်

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို မောင်ပြည့်လှိုင်း(သံတွဲ)၏ **"အလှဝန်းရံ ရွှေနိုင်ငံနှင့် အခြားကဗျာများ"**က လည်းကောင်း၊ ဒုတိယဆုကို တင့်ထွန်း(ချောက်)၏ **"ဝေနေဆဲ ရင်ထဲက ကဗျာရာသီ"**က လည်းကောင်း၊ တတိယဆုကို တက္ကသိုလ်တောသား၏ **"မြန်မာ့ဂုဏ်ရည်နှင့် အခြားကဗျာများ"**က လည်းကောင်း ရရှိကြသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်)တွင်ပထမဆုကိုတင်ထွန်းဦး(ယဉ်ကျေးမှု)၏ **"မြန်မာ့အနုသဘင်နှင့် ဇာတ်ညွှန်းပညာ"** ကလည်းကောင်း၊ ဒုတိယဆုကို မောင်နွယ်သန်း(ပြန်/ဆက်)၏ **"ဖွံ့ဖြိုးလာတော့မည့် သွေးချင်းတို့ နာဂမြေ"** ကလည်းကောင်း၊ တတိယဆုကို ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၏ **"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏"**က လည်းကောင်း ရရှိကြသည်။

## သုတပဒေသာ(သိပ္ပံပညာရပ်)

သုတပဒေသာ(သိပ္ပံပညာရပ်)တွင် ပထမဆုကို နိုင်ရွှေမိုး၏ **"မြန်မာ့ရေအရင်းအမြစ်"**က လည်းကောင်း၊ ဒုတိယဆုကို ဒေါက်တာ တင်တင်မြိုင် (မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်)၏ **"ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ဆက်နွယ်နေသော တိရစ္ဆာန်တို့၏ ကူးစက်ရောဂါများ"**က လည်းကောင်း၊ တတိယဆုကို အောင်ကျော်ဖြိုး၏ **"မြန်မာနိုင်ငံ အနာဂတ်စီးပွားရေးနှင့် ငှက်ကုလားအုတ်မွေးမြူရေး"**က လည်းကောင်း ရရှိကြသည်။

## စာပဒေသာ

စာပဒေသာဆုတွင် ပထမဆုကို တင်မြင့်၏ **"ကုန်းဘောင်ခေတ် ကျမ်းပြု စာဆို ရေစကြိုဆရာတော် ရှင်ဝရသမ္ဘောဓိ၏ ဘဝကထာနှင့် စာပေအလင်္ကာ"**က လည်းကောင်း၊ ဒုတိယဆုကို သတင်းထောက်သောင်းညွှန့်(ဖျာပုံ)၏ **"ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ"**က လည်းကောင်း၊ တတိယဆုကို တင်လင်းဇော်၏ **"မြမြက်ခင်းနှင့် နှင်းပုလဲ"**က လည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် ပထမဆုကို အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)၏ **"နန်းထိုက်တော်ဝင် မင်းဉယျာဉ်"**က လည်းကောင်း၊ ဒုတိယဆုကို မြို့မ-မြင့်ကြွယ်၏ **"မြန်မာ့ယဉ်ကျေးမှု အထူးမှတ်သားဖွယ်နှင့် လူငယ့်ရေးရာမှတ်စုများ"**က လည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ပထမဆုကို နေစိုးသော်၏ **"သိတတ်လိမ္မာ မင်္ဂလာ ကလေးဝတ္ထုတိုများ"**က လည်းကောင်း၊ ဒုတိယဆုကို ဘုန်းရဲနိုင် (ဂန့်ဂေါ)၏ **"ပန်းတောရွာကဗျာများ"**က လည်းကောင်း၊ တတိယဆုကို စောငယ်ငယ်(မိုးညှင်း)၏ **"မင်္ဂလာပါ ကလေးကဗျာစု"**က လည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ဒုတိယဆုကို မောင်ဆန္ဒ(လယ်ဝေး)၏ **"နိုင်ငံ့ဂုဏ်ဆောင်ဖေ့သားမောင်"** က လည်းကောင်း၊ တတိယဆုကို မောင်စိုးထိုက်(သုံးဆယ်)၏ **"အစဉ်သတိအမြဲရှိ"**က လည်းကောင်း ရရှိကြသည်။

ပြဇာတ်စာပေဆုတွင်ပထမဆုကိုဇင်မင်း(သမိန်ထော)၏ **"လွမ်းအောင်ကူချွဲပြဇာတ်"**က လည်းကောင်း၊ ဒုတိယဆုကို မောင်ဆန္ဒ(လယ်ဝေး)၏ **"ရောင်ခြည်လင်းချိန် ပန်းသင်းချိန်"**က လည်းကောင်း ရရှိကြသည်။

ဘာသာပြန်စာပေဆုတွင် ပထမဆုကို ဒေါက်တာညွန့်ရွှေ ပြန်ဆိုသည့် **"အာဆီယံရိုးရာ စာပေညွှန့်ပေါင်း"**က ရရှိသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ်(၁၂)မျိုး သတ်မှတ်ထားရှိသည့်အနက် နိုင်ငံရေးစာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများ လက်ခံရရှိခြင်း မရှိကြောင်း သိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်စာတည်းမှူးချုပ် တယ်လီဖုန်းအမှတ်-၂၄၀၀၄၈နှင့် ၃၈၁၄၄၉ တို့သို့ အမြန်ဆက်သွယ်သတင်းပို့ကြရန်ဖြစ်သည်။

ဆုရရှိသူများအား နေပြည်တော်၌ ဆုချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော စာမူရှင်များသည် ဆုရွေးချယ်ခြင်းမခံရသော စာမူများကို ဆုစာရင်းထုတ်ပြန်ပြီးနောက် ခြောက်လအတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူနိုင်သည်။

၂၀၀၆ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲ ယှဉ်ပြိုင်လိုသူများသည် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို နယ်မှ မှာယူလိုသူများသည် တံဆိပ်ခေါင်း ငွေကျပ်၄၀ဖိုး ပေးပို့၍ မှာယူနိုင်ပြီး စည်းကမ်းချက်များအတွင်း ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်သည်။ စည်းကမ်းချက်နှင့်မညီပါက ပြိုင်ပွဲတွင် ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကဗျာစာပေသည် လေးနက်ကျယ်ဝန်းနက်ရှိုင်း

**စာရေးဆရာ ဇာနည်**

# သမိုင်းစာပေတွေ ဆက်လက်ရေးသားဖို့ ပိုအားရှိ

**စာရေးဆရာမကြီး ဒေါ်ကြန်**

# မြန်မာနိုင်ငံဆေးသုတေသနသမိုင်းအတွက် ရှာဖွေပြင်ဆင်နေ

**ဒေါက်တာအေးကျော် (ဆေးသုတေသန)**

**ရန်ကုန် ဒီဇင်ဘာ ၁၅**

စာပေရေးသားမှုကို မြတ်နိုးခုံမင်ပြီး စာပေအနုပညာ ဖန်တီးနေကြသော စာရေးဆရာများအတွက် ဂုဏ်ယူဖွယ်ရာ အမျိုးသားစာပေဆုများကို နှစ်စဉ် ချီးမြှင့်ခဲ့သည်။ ၂၀၀၅ခုနှစ် အတွင်း ထုတ်ဝေခဲ့သော စာအုပ်များကို ပြန်ကြားရေး ဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ရွေးချယ်ခြင်းခံရသော အမျိုးသားစာပေဆုရ စာရေးဆရာများနှင့် တွေ့ဆုံမေးမြန်းမှုကို ဆက်လက်ဖော်ပြလိုက်ပါသည်။



**"စာပေရေးသားတဲ့သူတိုင်း လိုချင်တဲ့ ဆုကို ရရှိခဲ့တဲ့အတွက် ဝမ်းသာရပါတယ်"**

စာရေးဆရာဇာနည် (ဦးဇဝန)
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

**စာရေးဆရာ ဇာနည်**
**(ရဟန်းဘွဲ့တော် ဦးဇဝန)**
**အမျိုးသားစာပေဆု**
**(ကဗျာပေါင်းချုပ်)**

"စာပေရေးသားတဲ့ လူတိုင်းလိုချင်တဲ့ ဆုကို အခုလိုရရှိတော့ ဝမ်းသာရပါတယ်။ ကဗျာစာပေဟာ လေးနက်ကျယ်ဝန်းနက်ရှိုင်းတဲ့အတွက် ကဗျာတစ်ပုဒ်ဟာ အများကြီး အဓိပ္ပာယ်ရှိပါတယ်။ အခုလို နိုင်ငံတော်က ဆုချီးမြှင့်တဲ့အတွက် အကျိုးရှိတဲ့ ကဗျာတွေကို ဆက်လက်ရေး ဖြစ်သွားမှာပါ" ဟု မြန်မာ့အလင်းသို့ မိန့်ကြားသည်။

ယခုရရှိသည့် **"ဗီဇအလင်းငှက်ကဗျာများ"** ပေါင်းချုပ်စာအုပ်မှာ အမျိုးသား စာပေဆုအနေဖြင့် ပထမဆုံးရရှိခဲ့ခြင်းဖြစ်သည်။ စာရေးဆရာဇာနည် အသက် ၁၄ နှစ်အရွယ်မှ စတင်ကာ ကဗျာများကို ရေးဖွဲ့ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကဗျာ၊ တပ်မတော်နေ့ကဗျာ၊ဆောင်းပါးများဆု ၁၀ဆု၊ ဆရာကြီး ဦးသုခ၏ **"အမေနေ့"**ကဗျာ တတိယဆု၊ ၂၀၀၂ခုနှစ်အတွက် စာပေဗိမာန်က ချီးမြှင့်သော **"သစ္စာရိပ်မြုံ ပန်းမှုန်နံ့လှိုင်"** ကဗျာစာအုပ်ဖြင့် တတိယဆု၊ ၂၀၀၄ခုနှစ် စာပေဗိမာန်စာမူဆုအဖြစ် **"နှင်းနုည အလှဖူးသစ် ကဗျာများ"** စာအုပ်ဖြင့် ပထမဆုနှင့် ယခု အမျိုးသား စာပေဆု (ကဗျာပေါင်းချုပ်) ဆု ရရှိခဲ့ခြင်းဖြစ်သည်။

ယခုရရှိသည့် **"ဗီဇအလင်းငှက်ကဗျာများ"**စာအုပ်ကို ရှင်မတောင်စာပေမှ ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး မိမိစာပေတိုက်မှ အခုကဲ့သို့ အမျိုးသားစာပေဆု ရရှိသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း ရှင်မတောင်စာပေမှ ဦးမျိုးဆင့်က ဝမ်းသာအားရ ပြောကြားသည်။



**"သမိုင်းစာပေတွေ ရေးဖို့ပို အားရှိသွားပြီ ဖြစ်ပါတယ်"**

စာရေးဆရာမကြီး ဒေါ်ကြန်
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

**စာရေးဆရာမကြီး ဒေါ်ကြန်**
**အမျိုးသားစာပေဆု (သုတဝိဇ္ဇာ)**

"သမိုင်းကို ဝါသနာပါပြီး တစိုက်မတ်မတ် သမိုင်းအချက်အလက်တွေကို ရေးသားနေခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်မှာ လိုအပ်နေတဲ့ စာပေကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနေရတာမို့ စိတ်ထဲကျေနပ်နေပါတယ်။ အခုလို နိုင်ငံတော်က အမျိုးသား စာပေဆု အသိအမှတ်ပြုချီးမြှင့်လိုက်တဲ့အတွက် သမိုင်းစာပေတွေ ဆက်လက်ရေးသားနိုင်ဖို့ ပိုပြီး အားရှိသွားပါတယ်"ဟု စာရေးဆရာမကြီး ဒေါ်ကြန်က မြန်မာ့အလင်းသို့ ပြောကြားသည်။

**"ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး (၁၈၈၆-၈၇)"** စာအုပ်ဖြင့် အမျိုးသားစာပေ (သုတဝိဇ္ဇာ)ဆု ရရှိခဲ့သော စာရေးဆရာမကြီး ဒေါ်ကြန်မှာ သမိုင်းသုတေသန ဦးစီးဌာန၌ အကြီးတန်းသုတေသနမှူးအဖြစ် နှစ်ပေါင်း ၃၀ အမှုထမ်းခဲ့ပြီး အကြံပေးအဖြစ် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၄ခုနှစ်အထိဆောင်ရွက်ခဲ့သည်။ လက်ရှိအသက် ၈၇နှစ်ရှိနေပြီဖြစ်သော်လည်း ကျန်းမာစွာဖြင့် စာပေတာဝန်များကိုထမ်းဆောင်ဆဲ၊ ရေးသားနေဆဲဖြစ်သည်။

စာရေးဆရာမကြီး ဒေါ်ကြန်မှာ ၁၉၇၈ခုနှစ်က အမျိုးသားစာပေဆု (သုတဝိဇ္ဇာ) ဆုကို **"မြန်မာနိုင်ငံ အခြေအနေ"** စာအုပ်ဖြင့် ပထမဆုံးဆွတ်ခူးရရှိခဲ့ပြီး၂၀၀၀ပြည့်နှစ်ကလည်း **"သမိုင်းရှာတော်ပုံနှင့် အခြားစာတမ်းများ"** စာအုပ်ဖြင့် အမျိုးသားစာပေဆု (သုတဝိဇ္ဇာ)ကို ထပ်မံရရှိကာ ၂၀၀၃ခုနှစ်တွင် **"မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး (၁၈၈၆-၉၇)"**စာအုပ်ဖြင့် အမျိုးသားစာပေဆု(သုတဝိဇ္ဇာ) ကိုလည်းရရှိခဲ့ပြန်သည်။ ၂၀၀၄ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုကိုလည်း ရရှိခဲ့သည်။ ယခု၂၀၀၅ခုနှစ်အတွက် အမျိုးသားစာပေ (သုတဝိဇ္ဇာ) ဆု ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ၂၀၀၆ခုနှစ်၌ နိုင်ငံတော်ကပေးအပ်သည့် ဝိဇ္ဇာပညာထူးချွန်ဆုကိုလည်း ရရှိခဲ့သည်။



**"နိုင်ငံတကာ အဆင့်ရှိတဲ့ သုတေသနပြုမှုတွေကို ရေးသားထားတာပါ"**

ဒေါက်တာအေးကျော်
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

**ဒေါက်တာအေးကျော်**
**(ဆေးသုတေသန)**
**နှစ်(၄၀) ဆေးသုတေသီတစ်ဦး၏ ဒိုင်ယာရီစာအုပ်ဖြင့် အမျိုးသားစာပေဆု သုတပဒေသာ (ရိုးရိုးသိပ္ပံ)**

"မမျှော်လင့်ဘဲ အခုလို ဆုရရှိခဲ့တာပါ။ နောက်ထပ်စာရေးဖို့ နိုင်ငံတော်က တွန်းအားပေးလိုက်သလိုပါပဲ။ ဆေးသုတေသီတစ်ဦးအနေနဲ့ နိုင်ငံတကာအဆင့်ရှိတဲ့ သုတေသနပြုချက်တွေကို ၁၀အတွေ့အကြုံနဲ့ ပေါင်းစပ်ပြီး ရေးသားခဲ့ပါတယ်။ မြန်မာနိုင်ငံ ဆေးသုတေသန နယ်ပယ်မှာ ကျင်လည်ခဲ့တဲ့ အတွေ့အကြုံ၊ နောင်တော်ဆေးသုတေသန ပညာရှင်တွေရဲ့ သုတေသနပြုချက်တွေကို လေ့လာပြီး မြန်မာနိုင်ငံ ဆေးသုတေသန သမိုင်းစာအုပ်ထုတ်ဖို့ အချက်အလက်တွေ ရှာဖွေပြင်ဆင်နေပါတယ်"ဟု ဒေါက်တာအေးကျော်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ဒေါက်တာအေးကျော်သည် မြန်မာနိုင်ငံ ဆေးသုတေသန ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူထားသူဖြစ်သည်။ စာပေရေးသားမှု နှစ်၃၀ကျော်ရှိပြီး လက်ရှိ၌လည်း စာပေများဆက်လက် ရေးသားနေဆဲဖြစ်သည်။ ဒေါက်တာအေးကျော်သည် **"ဂျီးန် (Gene) နှင့် မိတ်ဆက်ခြင်း"** စာအုပ်ဖြင့် ၁၉၉၈ခုနှစ်က စာပေဗိမာန် သုတပဒေသာစာမူဆု (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) တတိယဆုရရှိခဲ့ပြီး ယခု ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ (သုတပဒေသာ ရိုးရိုးသိပ္ပံ)ဆု ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်ပေသည်။ ။

**(မြန်မာ့အလင်း)**

**တွေ့ဆုံမေးမြန်းသူ**
**မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံမှတ်တမ်း**
**သိန်းဝင်းလေး(မြန်မာ့အလင်း)**

# ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၂)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ် ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၉၂)ကို ယနေ့ ဖြန့်ချိလိုက်သည်။ **(ယာပုံ)**



ဖိုးရန်နိုင်(ကျောက်ကြီး)၊ ရန်နိုင်ဦး၊ ခရီးသည် (ရိုးပြတ်တော)၊ စစ်ရဲအိမ်၊ မိုးမြင့်လွင်၊ မင်းမောင်နွယ်(မွန်ဌာနီ)၊မောင်တင့်လွင်(ပေါက်)၊ အေးမ (ကလော)၊မင်းနိုင်လေး(လမ်းမတော်)၊ ဇာနည်၊ ရွှေခြံဆွေဦး၊ သစ်ဦးဇင်တို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊ စောမုံညင်း၊ မြင့်သိန်းအောင်၊ တက္ကသိုလ် တင်ခ၊ ဒေါက်တာခင်မောင်ညွန့်၊ ချစ်နိုင်(စိတ်ပညာ)၊ ဇင်မင်း (သမိန်ထော)၊ တက္ကသိုလ်စိုးယဉ်၊ ပခုက္ကူ ဦးအုံးဖေ၊ ခင်ဇ(စက်မှု)၊ ဇီးကုန်းဇော်ဝင်းမောင်၊ ကာတွန်းဦးဗကလေး၊ ဦးကျော်ကျော်သန်း(ရွှေဘို)၊ စကုဆွေသစ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ စစ်ကိုင်း စိမ်းစိမ်း၊ ပုသိမ်လှကြည်၊ဒေါက်တာကိုလေးဝင်း (ခရေရိပ်)၊ ကို (တက္ကသိုလ်)၊ မင်းသစ်ဦး၊ သျှီ (အင်ကြင်း)၊ ထွေးကြည် (သလ္လာဝတီ တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ တစ်ခန်းရပ် ပြဇာတ်များ၊ မောင်နေမွန်၊ စိုးစံ၊ ဟာမိုနီ၊ ဟန်ထွေးနိုင် တို့၏ ကာတွန်းများအပြင် ဟာသ၊ ဗုဒ္ဓစာဥယျာဉ်၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တိုင်းရင်းသား ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ စာအုပ်စင်ကဏ္ဍ၊ ပုံပြင်ကဏ္ဍများဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပို့ကုန်သွင်းကုန် သင်တန်းပို့ချမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်(၄)ရပ် အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များပြည်သူများအနေဖြင့် ဒေသပို့ကုန်မြှင့်တင်ရေး၊ အရည်အသွေးမြင့် ပြည်ပပို့ကုန်တိုးချဲ့တင်ပို့ရေး၊ နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးများတွင် ပိုမိုပါဝင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကုန်သွယ်မှုစည်းရုံးပညာပေးမြှင့်တင်ရေးအဖွဲ့များသည် ပြည်နယ်၊ တိုင်းအသီးသီးတို့တွင် အလုပ်ရုံဆွေးနွေးပွဲများ မကြာမီကကျင်းပခဲ့သည်။ ယင်းကဲ့သို့ စည်းရုံးဆောင်ရွက်မှုနှင့် ဆက်စပ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့ ထိရောက်မြန်ဆန် မှန်ကန်စေရန်အတွက် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ် (၃၀)ကိုလည်း ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန(ရန်ကုန်ရုံး)တွင် ဒီဇင်ဘာတတိယပတ်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

အဆိုပါ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်းသို့ တက်ရောက်လိုကြသော ပြည်နယ်၊ တိုင်း အသီးသီးမှ ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (စီမံရေးနှင့် လေ့ကျင့်ရေးဌာန) ရန်ကုန်ရုံးခွဲတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မြန်မာ့အလှမြင်ကွင်း ပန်းချီပြပွဲပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ပုလဲကွန်ဒိုမီနီယမ်၏ TMT ပန်းချီပြခန်း၌ မျက်နှာဖုံးသရုပ်ဖော် ပန်းချီ၊ ပိုစတာပန်းချီဆရာမောင်ကျော်ညွန့်၏ အနှစ်(၄၀) အနုပညာခရီး ဖြတ်သန်းမှုမှ "မြန်မာ့အလှမြင်ကွင်း" တစ်ကိုယ်တော်ပန်းချီပြပွဲကို ပြသမည် ဖြစ်ရာ ယနေ့နံနက် ၁၀နာရီက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြပွဲနှင့် ပြခန်းစိစစ်ရေးကော်မတီမှတာဝန်ရှိသူများ လာရောက်၍ ပြပွဲအတွင်း ခင်းကျင်းပြသထားသော ပန်းချီကားများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြပွဲပြသခွင့်လက်မှတ်ကို တာဝန်ရှိသူများက ပန်းချီဆရာ ဦးကျော်ညွန့်အား ပေးအပ်သည်။

အဆိုပါ ပန်းချီပြပွဲကို ဒီဇင်ဘာ ၁၆ရက်မှ ၂၂ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ၅နာရီအထိ TMT ပြခန်း၌ ပြသမည်ဖြစ်ပြီး ဆရာ၏ ဆီဆေးပန်းချီလက်ရာများအဖြစ် မြန်မာ့ဇာတ်တော်ကြီးများ၊ ရိုးရာယဉ်ကျေးမှုအကများ၊ ဘဝသရုပ်ဖော် ပန်းချီကားလက်ရာ စုစုပေါင်း၃၇ ကားကို ခင်းကျင်း ပြသထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အကြိမ်(၆၀)မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၃၁ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ်၄၉/၅၁ရှိ အဘိဓမ္မရတနာဃရ ဓမ္မဗိမာန်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများထံ စာတိုက်မှဖိတ်စာများ ပေးပို့ထားပြီးဖြစ်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ **(က-ပ)**

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**

# ငါး၊ ပုစွန်များ ရောင်းချမှု ဈေးကွက်ကျယ်ပြန့်လာ နိုင်ငံတော်၏ သားငါးထုတ်လုပ်ရေးကဏ္ဍတွင် အရေးပါ မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ( ၂၀၀၆ )ဖွင့်လှစ် ပြပွဲသို့ ကြည့်ရှုလေ့လာသူများ အထူးများပြား

သတင်း၊မြင်ကွင်း – မြင့်မောင်စိုး၊ ဓာတ်ပုံ – တင်စိုး ( မြန်မာ့အလင်း )

ရန်ကုန် ဒီဇင်ဘာ ၁၅

**ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်းပြည်ပ ငါးတင်ပို့ရောင်းချသောဈေးကွက်များ ကျယ်ပြန့်လာသည်နှင့်အမျှ နိုင်ငံတော်၏ သားငါးထုတ်လုပ်ရေးကဏ္ဍတွင် အရေးပါသောလုပ်ငန်း ဖြစ်လာသည်။**

## အောင်မြင်စွာဖွင့်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ရှစ်နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် (၂၀၀၆)ကို အဆိုပါအဖွဲ့ချုပ် တည်ရှိရာ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံ လမ်းထောင့်ရှိ ဝင်းအတွင်း၌ ဒီဇင်ဘာ ၁၅ရက် ညနေပိုင်းက ဖွင့်လှစ်လိုက်ပေပြီ။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်အားပေးခဲ့သည်။

အဆိုပါ ဈေးပွဲတော်ဖွင့်လှစ်ခဲ့ခြင်းနှင့်အတူ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းရှစ်သင်းမှ တာဝန်ရှိသူအချို့အား မြန်မာ့အလင်းက တွေ့ဆုံကာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို မေးမြန်းခဲ့သည်။

## စီးပွားရေးကဏ္ဍ

ရှေးဦးစွာ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က “တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်ဖို့ဆိုတာ စီးပွားရေးကဏ္ဍဟာ ထိပ်တန်းမှ ပါဝင်နေပါတယ်။ ပြည်တွင်းမှာ ရှိပြီးသား ရေသယံဇာတ၊ မြေသယံဇာတတွေကို လူ့အရင်းအမြစ်နှင့် ပေါင်းစပ်ညှိနှိုင်းပြီး သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရဲ့ အဓိကတာဝန်တွေ ဖြစ်တယ်ဆိုတာ ယုံကြည်ပါတယ်။

## ဖွဲ့စည်းနိုင်ခဲ့

ကျွန်တော်တို့အဖွဲ့ချုပ်ဟာ နုနယ်သေးတဲ့ သက်တမ်း ရှစ်နှစ်တာကာလမှာ ပြည်နယ်၊ တိုင်း၊ ခရိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ခဲ့သလို နိုင်ငံတကာ လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အနေဖြင့် အဋ္ဌမအကြိမ်မှ ရာပြည့်အထိတိုင်အောင် တည်တံ့ခိုင်မြဲစေရန် ရေလုပ်ငန်း(သား၊ငါး)ကဏ္ဍ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ကျွန်တော်တို့တစ်တွေ စုစည်း စည်းရုံး ညီညွတ်စွာဖြင့် တိုင်းပြည် အကျိုး၊ ပြည်သူ့အကျိုးကိုသယ်ပိုးနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်ကြပါစို့လို့ တိုက်တွန်း ဆန္ဒပြုလိုပါတယ်”ဟု ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသန်းဝင်းအောင်အား မေးမြန်းရာ “မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းကို ၂၀၀၄ခုနှစ် မေလ ၄ ရက်မှာ ဖွဲ့စည်းခဲ့ပါတယ်။ အသင်းရဲ့ ရည်ရွယ်ချက်ကတော့ ခေတ်မီသောပုစွန်မွေးမြူရေး ပညာများ ဖြန့်ဝေပေးရေး၊ နိုင်ငံတော်အစိုးရရဲ့ ပုစွန်တိုးချဲ့မွေးမြူရေး စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး စတာတွေ ပါဝင်ပါတယ်။



“တီလားပီးယား ငါးမွေးမြူ ထုတ်လုပ်ရေးနှင့် ပုစွန်မွေးမြူ ထုတ်လုပ်ရေးအတွက် ရေလုပ်ငန်းရှင်များ တွန်းအားပေး လုပ်ကိုင်ကြစေလိုပါတယ်” ဦးဌေးမြင့် ဥက္ကဋ္ဌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



“ငါး၊ ပုစွန်မွေးမြူ ထုတ်လုပ်ရေးလုပ်ငန်းအတွက် အရေးပါတဲ့ ငါး၊ ပုစွန်အစားအစာထုတ်လုပ်ရေး လုပ်ငန်းကို လုပ်ကိုင်နေပါတယ်” ဦးလှမောင်ရွှေ ဥက္ကဋ္ဌ မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



“ပြည်တွင်းငါးဈေးကွက်ရော ပြည်ပငါးဈေးကွက်များ အောင်မြင်ဖြစ်ထွန်းစေရန် မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန် လုပ်ငန်းရှင်များအသင်းဟာ အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်ပါတယ်” ဦးစိုးထွန်းရှိန် ဥက္ကဋ္ဌ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

## လုပ်ကိုင်

ငါးလုပ်ငန်းပဲ လုပ်လုပ်၊ ပုစွန်လုပ်ငန်းပဲလုပ်လုပ် ရေလုပ်ငန်းတွင် လုပ်ကိုင်နေသောသူများ အားလုံး စည်းကမ်းတကျ လုပ်ကိုင်ဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။

ပုစွန်လုပ်ငန်းရှင်များ အနေဖြင့် Myanmar Organic Shrimp အဖြစ် မွေးမြူဖို့ အစီအစဉ်များကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်” ဟု ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ပြောကြားရာတွင် “မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းကို ၂၀၀၄ခုနှစ် နိုဝင်ဘာ ၂ရက်က ဖွဲ့စည်းခဲ့ပါတယ်။

ရေထွက်ပစ္စည်းများ နိုင်ငံတကာဈေးကွက် ထိုးဖောက်အောင်မြင်အောင် ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းဟာ အရေးကြီးပါတယ်။ နိုင်ငံတကာဈေးကွက်များတွင် အဆင့်အတန်းမြင့်မားစွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် တွန်းအားပေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

## ရည်ရွယ်ဖွဲ့စည်း

တစ်ဖန် မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ် ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဦးအုန်းလွင်က“မြန်မာ့ငါး၊ ပုစွန်များ ထုတ်လုပ်မှုအပိုင်းမှာ အစာထုတ်လုပ်ရေးလုပ်ငန်းမှာလည်း အရေးကြီးတဲ့ အခန်းကဏ္ဍမှ ပါဝင်နေပါတယ်။ ငါး၊ ပုစွန် အစားအစာများ အရည်အသွေးမြင့်မားဖို့ ငါး၊ ပုစွန်အစာထုတ်လုပ်တဲ့ နည်းပညာများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်”ဟု ပြောကြားသည်။

မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် (၂၀၀၆)တွင် ရေလုပ်ငန်းသုံး ပစ္စည်းများ၊ ရေထွက်ပစ္စည်း ထုတ်ကုန်များ၊ ငါး၊ ပုစွန်အစားအစာ ထုတ်လုပ်ရေး ပြခန်းများ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ပြသထားရာ ပြပွဲ စတင်ဖွင့်လှစ်သည့်နေ့၌ပင် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။ ဈေးပွဲတော်ကို ဒီဇင်ဘာ ၁၇ရက်အထိ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်သို့ ရေလုပ်ငန်း လုပ်ကိုင်နေသူများ၊ ငါး၊ပုစွန်စားသုံးမှု နှစ်သက်သူများအနေဖြင့်သွားရောက်ကာ အရသာ ထူးကဲ ငါး၊ပုစွန်ချက်ပြုတ်၊ ကြော်လှော်ထားမှုများကို စားသောက်ရင်း ရေလုပ်ငန်းအကြောင်း တစေ့တစောင်း လေ့လာနိုင်ကြရန် သတင်းကောင်းပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

## ကြည့်ရှုအားပေး



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်(၂၀၀၆)ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။** ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်(၂၀၀၆)ဖွင့်ပွဲအပြီး ပြည်သူများ ဤသို့ကြည့်ရှုလေ့လာခဲ့ကြသည်။**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

# ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း EU နိုင်ငံများသို့ မြန်မာ့ရေထွက်ပစ္စည်းများ တင်ပို့ခွင့်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၅

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက EU နိုင်ငံများသို့ မြန်မာ့ရေထွက်ပစ္စည်းများ တင်ပို့ခွင့်နှင့်ပတ်သက်၍ (Myanmar -UK Bilateral Basis Agreement) အရ မြန်မာနိုင်ငံမှ တင်ပို့ခွင့်ပြုသော စက်ရုံများစာရင်းအား UK နိုင်ငံသို့ ပေးပို့ခဲ့ပြီး UK နိုင်ငံက သဘောတူ၍ တင်ပို့ခွင့်ပြုသော စက်ရုံများစာရင်းကို UK နိုင်ငံ၏ Website တွင် တင်ထားသည်ဟု သိရှိရကြောင်း၊ အဆိုပါစာရင်းအရ အခြား EU အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဂျာမနီ၊ ဘယ်လ်ဂျီယံနှင့် ပြင်သစ်တို့ကလည်း မြန်မာ့ရေထွက်ပစ္စည်းများကို တင်သွင်းခွင့်ပြုလျက် ရှိကြောင်း။**

ပါဝင်ဆောင်ရွက်နေ

**ရေချိုငါးများ အများဆုံးတင်သွင်းနေသော ဆော်ဒီအာရေဗျနိုင်ငံသို့ မြန်မာနိုင်ငံမှ တိုက်ရိုက်တင်ပို့နိုင်ရေးအတွက် သံတမန်နည်းလမ်းအရ ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ပို့ကုန်ဈေးကွက် တိုးချဲ့ရရှိရေးအတွက် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံ ကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်နေသည်ကိုလည်း သိရှိရကြောင်း။**

ဖော်ထုတ်အရေးယူ

**ရေထွက်ပစ္စည်း ရောင်းချသူများအနေဖြင့် မိမိတို့၏ အကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်ပြီး ငါးများတွင် ရေထိုးခြင်း၊ ပုစွန်များတွင် ခဲ၊ သံချောင်း၊ ငါးမျှားချိတ် စသည်များ ထည့်သွင်းခြင်းများကို မကြာခဏတွေ့ရှိနေရကြောင်း၊ အဆိုပါလုပ်ရပ်များသည် စားသုံးသူများကို ဘေးအန္တရာယ်ဖြစ်စေရုံသာမက မြန်မာ့ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် နာမည်ပျက်စေပြီး နိုင်ငံတော်၏ဂုဏ်သိက္ခာ၊ အမျိုးသားဂုဏ်သိက္ခာကို ညှိုးနွမ်းစေကာ နိုင်ငံတော်၏အကျိုးကို ထိခိုက်စေသည့်အတွက် ငါးလုပ်ငန်းဦးစီးဌာနက ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။**

(သတင်းစဉ်)

## သာယာဝတီမြို့ သမ္မာဆန္ဒဆွမ်းကြီးလောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

သာယာဝတီမြို့၏ (၂၈)ကြိမ်မြောက် သမ္မာဆန္ဒဆွမ်းကြီးလောင်းပွဲတော်ကို ဒီဇင်ဘာ၂၆ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ၂ရက်အထိ ကျင်းပမည်ဖြစ်ရာ သာယာဝတီမြို့နယ်အသင်းဝင်များနှင့် အဝေးရောက်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ပါဝင်လှူဒါန်းကြပါရန် သာယာဝတီမြို့နယ်အသင်း(ရန်ကုန်)က တိုက်တွန်းနှိုးဆော်ထားကြောင်းသိရသည်။

(သတင်းစဉ်)



မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင် အတွက် ရန်ကုန်မြို့ အနောက်ရန်ကင်းမြို့နယ် ရန်ရှင်းလမ်းနေ ဒေါ်ခင်ပန် ဦးဆောင်သည့် ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၂၆၆၅၀၀ ကို အမှူးဆောင် ကိုမောင်မောင်ချောက လက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

## ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ

(ဂိဟိဝိနယဆုံးမစာ = လူတို့ကို ဆုံးမကြောင်းတရား၊ လူ့ကျင့်ဝတ်)

**ပျင်းရိခြင်း အပြစ် ၆–ပါး**

မြတ်စွာဘုရားသခင်သည် သိင်္ဂါလလုလင်အား ပျင်းရိလေ့ရှိခြင်း၌လည်း အပြစ် ၆–ပါး ရှိကုန်၏ဟု ဟောကြားခဲ့ပါသည်–

- **အေးလွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲနေခြင်း။**
- **ပူလွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲနေခြင်း။**
- **မိုးချုပ်လွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲနေခြင်း။**
- **စောလွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲနေခြင်း။**
- **ဆာလွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲနေခြင်း။**
- **ဝလွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲနေခြင်း။**

ပျင်းရိခြင်း အပြစ် ၆–ပါးကို မှတ်သားရလွယ်ကူစေရန် ဆရာတော်ဦးဖုဇ်က လင်္ကာဖွဲ့၍ စပ်ဆိုခဲ့သည်မှာ–

**"အချမ်းပြင်ဂွန်း၊အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလွန်းလှရောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းပလွန်းထွေ၊ နေကပညာ၊ မပွားရာသည်၊ ခြောက်ဖြာပျင်းသူ အပြစ်တည်း"**

ဤသို့ မခိုင်လုံသော ကိစ္စများကို ယိုးမယ်ဖွဲ့၍ နေသော ထိုသူအား မဖြစ်သေးသော စည်းစိမ်တို့လည်း မဖြစ်ကုန်။ ဖြစ်ပြီးသောစည်းစိမ်တို့လည်း ပျက်စီးခြင်း ထိရောက်ကုန်၏။ ဤပျင်းရိခြင်း ၆–ပါးရှိသောသူသည် အဘယ်မှာ ကြီးပွားချမ်းသာရအံ့နည်း။ ထိုပျင်းရိခြင်းနှင့် တွဲဖက်ရှိကုန်သော လူများရှိသည့် မိသားစု၌လည်းကောင်း၊ ပျင်းရိသည့်လူထုရှိသော နိုင်ငံသည်လည်းကောင်း အဘယ်မှာ လျှင် ကြီးပွားနိုင်အံ့နည်း။ ။

**(သာသနာရေး)**



ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင် လက်ဖက်မျိုး ပျိုးဥယျာဉ်တွင် ဒေသလက်ဖက်မျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ဆေးတက္ကသိုလ်(၁)ရန်ကုန် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန် ဆေးတက္ကသိုလ်(၁)တွင် (၁၉၈၄မှ၁၉၉၀ပြည့်နှစ်)အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၃ရက်(စနေနေ့)နံနက်၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်း မြေပဒေသာကျွန်းအတွင်းရှိ Dolphin စားသောက်ဆိုင်၌ကျင်းပမည်ဖြစ်သဖြင့် အသေးစိတ်သိရှိလိုပါက ဒေါက်တာစည်သူအောင် ဖုန်း–၀၉–၈၀–၂၀၃၃၃၊ဒေါက်တာသန့်ဇော်ဦး ဖုန်း–၀၉–၅၀–၀၇၄၀၇၊ဒေါက်တာရှုမွန် ဖုန်း–၀၉–၅၀–၀၄၂၆၅၊ ဒေါက်တာလွင်လွင်ဦးလှိုင် ဖုန်း–၀၉–၅၁–၇၃၉၆၇ နှင့် ဒေါက်တာပြုံးပြုံးဟန် ဖုန်း–၀၉–၅၀–၀၄၂၈၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

## ဗဟန်းမြို့နယ် သမိုင်းဝင်ငါးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

ဗဟန်းမြို့နယ် သမိုင်းဝင် မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးဘုရားကြီး(၁၀၆)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ ငါးရက်တိုင်တိုင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

### ပါဝင်လှူဒါန်းနိုင်

ဆက်လက်၍ ငါးနှစ်လျှင်တစ်ကြိမ်သာ ကပ်လှူခွင့်ကြုံသော သံစေတီတော်အား ရွှေဆေးသင်္ကန်းကပ်လှူပူဇော်ခြင်းကိုလည်း ဘုရားပွဲတော်အမီ ဆောင်ရွက်ကြမည်ဖြစ်ရာ ရင်ပြင်တော်ရှိ အလှူခံဌာနတွင် ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

**၂၀၀၆ ခုနှစ် ကြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီးတို့ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်များယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။**

### ဆုချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုရအသင်းများ၏ တစ်ဦးချင်းဆုများကို ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ကျိုင်းတုံတပ်နယ်(ခ) အသင်းအား တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှက တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်း၊ ငွေသားဆုများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ကျိုင်းတုံတပ်နယ်(က)အသင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်း၊ ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ဘိန်းအစားထိုးသီးနှံ

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဘိန်းအစားထိုးသီးနှံ လက်ဖက်မျိုးစေ့ ပေးအပ်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်ဒုတိယမန်နေဂျာ ဦးမြင့်ဦးက လက်ဖက်စိုက်ပျိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူးက ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးနိုင်ရန်လက်ဖက်မျိုးစေ့တင်း ၂၀၀၀ကို မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာများထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် အဖွဲ့ဝင်များနှင့်အတူ ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာ လက်ဖက်ပျိုးဥယျာဉ်၌ ဒေသလက်ဖက်မျိုးပင် နှစ်သိန်းပျိုးထောင်ထားရှိမှုနှင့် လေ့ကားထစ်ကွန်တိုစနစ်ဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် လက်ဖက်စိုက်ခင်းတို့ကို ကြည့်ရှုအားပေးသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ဘိန်းအစားထိုးသီးနှံအဖြစ် လက်ဖက်ဧကတစ်သောင်းစိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်းနှင့် ရော်ဘာဧက တစ်သိန်း စိုက်ပျိုးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မာမာခေါက်ဆွဲကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

Ayeyarwaddy Food Industries Co., Ltd. က ထုတ်လုပ်ပြီး Myanmar S-E-A Marketing Co., Ltd. က ဖြန့်ချိသည့် မာမာခေါက်ဆွဲ ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

**မာမာခေါက်ဆွဲ ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲတွင် Ayeyarwaddy Food Industries Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဦး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

(သတင်းစဉ်)



ရှေးဦးစွာ Ayeyarwaddy Food Industries Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးမြင့်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး Myanmar S-E-A Marketing Co., Ltd. အထွေထွေ မန်နေဂျာ ဦးချိုမောင်က မိတ်ဆက်စကား ပြောကြားကာ Ayeyarwaddy Food Industries Co., Ltd. ဈေးကွက်မန်နေဂျာ ဦးကောင်းနိုင်စိုးက ကုန်ပစ္စည်းအသစ်ဖြစ်သော ကြက်သားခေါက်ဆွဲ၊ အုန်းနို့ခေါက်ဆွဲတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဂျွန်လွင် ဦးစီးသည့် Star & Model International Co., Ltd. မှ မော်ဒယ်ဆုပန်ထွာနှင့် ဆီဒိုးနားဟိုတယ်မှ စားဖိုမှူး Mr. Lee တို့က ကြက်သားခေါက်ဆွဲနှင့် အုန်းနို့ခေါက်ဆွဲတို့ကို လက်တွေ့သရုပ်ပြချက်ပြုတ်ပြသ၍ ရောင်းအားအကောင်းဆုံး ရရှိကြသည့် ဆိုင်ရှင်များအား Ayeyarwaddy Food Industries Co., Ltd. ဥက္ကဋ္ဌဦးလှဝင်းနှင့် Myanmar S-E-A Marketing Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးမျိုးသိန်းတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

နှစ်ပေါင်း ၃၀ကျော် ကမ္ဘာတစ်ဝန်း၌ လူကြိုက်များပြီး ထိုင်းနိုင်ငံ၌ လူကြိုက်အများဆုံး ဖြစ်သော MAMA Instant Noodles ကို မြန်မာနိုင်ငံ၌ Ayeyarwaddy Food Industries Co., Ltd. မှ ၂၀၀၄ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်ထုတ်လုပ်ရောင်းချလျက်ရှိသည်။

MAMA ကြက်သားကင် အရသာ ခေါက်ဆွဲ၊ MAMA အုန်းနို့ခေါက်ဆွဲ၊ MAMA ကြက်သား အရသာခေါက်ဆွဲ၊ MAMA ကြက်သားဆီချက်ခေါက်ဆွဲ၊ MAMA သက်သတ်လွတ် ဆီချက်ခေါက်ဆွဲ၊ MAMA ပုစွန်ချဉ်စပ် အရသာ ခေါက်ဆွဲတို့ကို ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## သာယာမည်

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**

16-12 (07) 1 12/16/06, 2:56 AM







**အောင်စစ်သည်ဆု**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းဝေလင်းအောင်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

**လေ့ကျင့်ရေးထူးချွန်ဆု**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းမျိုးသူရအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

**စာပေထူးချွန်ဆု(ကွန်ပျူတာသိပ္ပံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်(ကွန်ပျူတာသိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းမျိုးမင်းနိုင်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)



### ဆုများချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၉)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၇၉၉၈) ဗိုလ်လောင်းဝေလင်းအောင်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၇၆၉၃) ဗိုလ်လောင်းမျိုးသူရ၊ စာပေထူးချွန် (ကွန်ပျူတာသိပ္ပံ) ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၇၆၅၁) ဗိုလ်လောင်းမျိုးမင်းနိုင်၊ စာပေထူးချွန်(သိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၁၇၉၉၈) ဗိုလ်လောင်းဝေလင်းအောင်တို့အား ဆုများကို အသီးသီး ချီးမြှင့်သည်။

### မိန့်ခွန်းပြောကြား

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်လောင်းတပ်ရင်းများကို မိန့်ခွန်းပြောကြားသည်။

**စစ်ရေးပြအခမ်းအနား တက်ရောက်ကြသူများ**

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)



**စစ်ရေးပြအခမ်းအနား တက်ရောက်ကြသူများ**

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

### ❒ ကျောဖုံးမှ

ဒေါက်တာသန်းညွန့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သိန်းဌေး၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်စိန်လင်းနှင့် ဗိုလ်ချုပ်အေးမြင့်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တက္ကသိုလ်ဗိုလ်လောင်း တပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူသည်။

### ဗိုလ်လောင်းတပ်ရင်းများစစ်ဆေး

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။

ယင်းနောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြုသည်။



**စစ်ရေးပြအခမ်းအနား တက်ရောက်ကြသူများ**

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

**(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းအပြည့်အစုံကို သီးခြား ဖော်ပြထားပါသည်။)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူ ပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

**အားပေးစကားပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**



**ဗိုလ်လောင်းတပ်ရင်းများစစ်ဆေး**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးစဉ်။** (သတင်းစဉ်)



**အားပေးစကားပြောကြား**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် မိဘများအား အားပေးစကားပြောကြားစဉ်။** (သတင်းစဉ်)



## နဝဒေးတံတား(ပြည်)ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထား

**ရန်ကုန် ဒီဇင်ဘာ ၁၅**

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်း၌ ရေယာဉ်များ ဖြတ်သန်း သွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း သတ်မှတ်ပေးထားခဲ့ရာမှ ယခုအခါ မြစ်ရေကျဆင်း လာသဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်း သွားလာရန် ရေလမ်းကြောင်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှစတင်၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့်(၆) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်ထား သည်။

**ပြသထား**

ပြောင်းလဲထားသော ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်၌ နေ့မြင် အစိမ်းရောင် တြိဂံအမှတ် အသားပြသထား၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်း၌ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထား၍ ညအခါ မီးနီထွန်း ပြသ ထားသည်။

**သတိပေးနိုးဆော်ချက်ထုတ်ပြန်**

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင် များ၏ တစ်ဖက်တစ်ချက်၌ ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေ ယာဉ်များ တစ်တွဲချင်းချိတ်ဆွဲ ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်း ကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနိုးဆော်ချက် သတင်းထုတ်ပြန် ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား)ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထား

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား)ရေလမ်းကြောင်း၌ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့် (၁၁)အကြားမှ ဖွင့်လှစ်ထားခဲ့ရာမှ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ စတင်၍ အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၈)နှင့် (၉)အကြားမှ ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြောင်းလဲဖွင့်လှစ်ထားသော ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၁ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်း၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။ ဝင်ပေါက်ရေလယ်တိုင်များ၌ မြားအမှတ်အသား ပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်၌ ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင် ခုတ်မောင်းခြင်းမပြုကြရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာ အဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန်နှင့် တွဲရေယာဉ်များ နှစ်စီးတွဲ မောင်းနှင်ခြင်းမပြုဘဲ တစ်တွဲ ချင်းမောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၆–၁၂–၂၀၀၆ ရက် (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချို့အေး မင်္ဂလာတေး |
| ၇း၅၅ | ၅။ | အကပြိုင်ပွဲ |
| ၈း၀၅ | ၆။ | တေးဂီတအစီအစဉ် |
| ၈း၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၂၀ | ၈။ | ကုန်စည်တိုးပွား တွံတေးတံတား |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Grammar Made Easy |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၅ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁း၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၀၅ | ၅။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂း၃၅ | ၆။ | ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ |
| ၁၂း၄၅ | ၇။ | **လောကနီတိ(၅) "မေတ္တာအတိမ်အနက်ကို ချိန်စက်၍ ကြည့်သောအခါ"** (ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ–ခင်ဇော်) |
| ၁၃း၄၅ | ၈။ | ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက |
| ၁၄း၀၀ | ၉။ | အတီးပြိုင်ပွဲ |
| ၁၄း၁၅ | ၁၀။ | **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၁) (ဝါးခယ်မရဲမောင်၊ ဘုန်းလှျံ၊ မြတ်ကေသီအောင်၊ ဟန်နီထွန်း၊ ရတနာခင်၊ ပြည့်ဖူးခိုင်၊ ဆောင်းနှင်းဝေ၊ နီနီရွှေရည်၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ –မင်းအုပ်စိုး) |
| ၁၄း၃၀ | ၁၁။ | ကျောက်ကြီးပေါက်တံတား |
| ၁၄း၄၅ | ၁၂။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use. |
| ၁၆း၄၀ | ၄။ | တေးဂီတအစီအစဉ် |
| ၁၆း၅၅ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ) |
| ၁၇း၀၅ | ၆။ | လက်ဆင့်ကမ်းပေး ဂီတတေး |
| ၁၇း၁၅ | ၇။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၁၇း၂၅ | ၈။ | တေးဂီတအစီအစဉ် |
| ၁၈း၄၀ | ၉။ | မြင်းခြံစံမတူဆိုင်းအဖွဲ့ ဖျော်ဖြေခန်း |
| ၁၈း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၂။ | အလှရှာမယ် လှကမ္ဘာဝယ် |
| ၁၉း၀၀ | ၁၃။ | Discovery. |
| ၁၉း၁၀ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေ ရင်ခုန်သံ"** (အပိုင်း–၄) |
| ၂၀း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသော နေ့ရက်များ"** (အပိုင်း–၇) |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆–၁၂–၂၀၀၆**

**(စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ပရိတ်ကြီး(၁၁)သုတ် (ဓမ္မစေတီဆရာတော်) |
| ၈း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅ | ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ ရွှေချည်ထိုးပညာ |
| ၈း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၅၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၁၅ | ဆင်ယင်ရိုးရာတို့မြန်မာ |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၄၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၀း၁၀ | **ဧည့်ဝတ်မယ်ဗျို့** (ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာဖုန်းမြင့်အောင်) |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | ကလေးတို့အတွက်လက်ဆောင် (ပေါင်းမိုးလေ့နှင့်နှစ်စင်းတွဲလှေ) |
| ၁၀း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ | မြန်မာ့ရိုးရာအစားအစာပြပွဲ |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | စားချင်စရာငါးချဉ်အရသာ |
| ၁၁း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | ချစ်စရာကျေးလက်ဓလေ့နှင့် မိရိုးဖလာ အိုးလုပ်ငန်း |
| ၁၂း၃၀ | သူတို့ပြောတဲ့သူတို့အကြောင်း (ကာတွန်းမြေဇာ) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါခြောက်နာရီစာ အစီအစဉ်များကို လေးကြိမ်ဆက်တိုက် (၂၄)နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၀၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၆း၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports (Live) |
| ၇း၁၀ | Charlton-Liverpool | 5-Sports (Live) |
| ၉း၂၅ | Arsenal-Portsmouth | 5-Sports (Live) |
| | Reading-Blackburn | 5-Series(Live) |
| | Newcastle-Watford | 5-Cartoon(Live) |
| ၁၁း၄၀ | Aston Villa-Bolton | 5-Series(Live) |
| ၁၂း၀၀ | Newcastle-Watford | 5-Sports(SDD) |

## ကျိုက္ခမီအသင်းနှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ကျိုက္ခမီအသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်း တိုက်ဝင်း ကျိုက္ခမီတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ပါရန်နှင့် အသက် ၇၅ နှစ်ပြည့် လူကြီး မိဘများ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ များ၏ အမည်စာရင်းကို နာယကဒေါ်ခင်ရီ ဖုန်း–၂၅၃၄၄၀၊ ဥက္ကဋ္ဌ ဦးအောင်ထွန်း ဖုန်း–၀၉–၈၀–၃၁၂၈၆၊ ဒုတိယဥက္ကဋ္ဌ ဦးလွင်သိန်း ဖုန်း–၇၀၃၈၂၃၊ အတွင်းရေးမှူး ဦးမြသောင်း ဖုန်း–၇၀၀၂၃၃ တို့သို့ ဇန်နဝါရီ ၂ ရက် နောက်ဆုံးထားပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

## ကမ္ဘာ့ ဝိပဿနာလိုဏ်ဂူစေတီတော်ကြီးအတွက် ပဋ္ဌမအကြိမ် အလှူတော်ငွေပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အုတ်မြစ်တော်စီပေးခဲ့ပြီး မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဗုဒ္ဓဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသော ကမ္ဘာ၏ အဌမမြောက် အံ့ချီးဖွယ်ဖြစ်လာမည့် ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံတော်တူ ကမ္ဘာ့ဝိပဿနာလိုဏ်ဂူစေတီတော်ကြီးအတွက် ပဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့) နံနက်ဂနာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



**တရားသူကြီးချုပ်ဦးအောင်တိုး ၂၀၀၅-၂၀၀၆ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးရရှိသူတစ်ဦးအား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာစာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသည့် ဥပဒေရေးရာ စာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အဆိုပါ စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေး၊ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ဒေသစည်းရုံးရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

### ဆွေးနွေးဖြေကြား

ယင်းနောက် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်သန်းနွဲ့က **"လက်ထပ်ပြီးအမျိုးသမီးများ၏ပစ္စည်းခန်း အခွင့်အရေး"** စာတမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခဒေါက်တာဒေါ်တင်မေထွန်းက **"အလုပ်လုပ်သော ကိုယ်ဝန်ဆောင် မြန်မာအမျိုးသမီးများ၏ ဥပဒေရေးရာအခွင့်အရေး"** စာတမ်းနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန (နည်းပြ) ဒေါ်ခင်နီလာမြင့်နိုင်က **"ပြစ်မှုဆိုင်ရာ ဥပဒေကြောင်းအရ မြန်မာအမျိုးသမီးများအား အကာအကွယ်ပေးခြင်း"** စာတမ်းအသီးသီးကို ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များ ပြန်လည်ဆွေးနွေးဖြေကြားကြပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## တရားရုံးချုပ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

တရားရေး အရာရှိများနှင့် ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)မှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ တရားရုံးချုပ် မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တရားသူကြီးချုပ် ဦးအောင်တိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံ ဂုဏ်ထူးရရှိသူ မငွေးမိုမိုနှင့် မဆုမြတ်ဟန်တို့အား ပညာရည်ချွန်ဆု ချီးမြှင့်သည်။

### ချီးမြှင့်

ဆက်လက်၍ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာ ဂုဏ်ထူးရရှိသူ ငါးဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ခုနစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရရှိသူ လေးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူ ငါးဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ခြောက်ဦး၊ တရားရုံးချုပ် (နေပြည်တော်)မှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် တန်းစဉ်အလိုက် ပထမဆုရရှိသူ နှစ်ဦးနှင့် ရန်ကုန်တိုင်းအတွင်းရှိ တရားရုံးများမှ တန်းစဉ်အလိုက်ပထမဆုနှင့် ဒုတိယဆုရရှိသူ ၁၃ဦး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) သင်တန်း၌ သင်တန်းသူ စံပြဆုရ ဒေါ်ယုယုဝါနှင့် သင်တန်းသား ပထမဆုရ ဦးမျိုးညွန့်၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် (နေပြည်တော်နှင့် ရန်ကုန်)ရှိ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ ၁၆၂ဦး အတွက် ပညာသင်ထောက်ပံ့ငွေ ကျပ် ၅၆၃၅၀၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဘာသာစုံ ဂုဏ်ထူးရရှိသူ မဆုမြတ်ဟန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဒီဇင်ဘာ၁၅ရက်က ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့၌ ကျင်းပသော အိမ်တွင်းကျန်းမာရေးစောင့်ရှောက်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က အရင်းမပျောက်မတည်ငွေများ ပေးအပ်စဉ်။** (က-ပ)

## ငါး၊ ပုစွန် ကုန်ထုတ်လုပ်ငန်းအတွက် ဓာတုဒြပ်ပေါင်းဆေးများဖြန့်ချိပေး

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ့ရေထွက်ပစ္စည်းပွဲတော်(၂၀၀၆)ကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဝင်းအတွင်း ကျင်းပလျက်ရှိရာ အဆိုပါ ပွဲတော်တွင် Myanmar Pioneer Star Co., Ltd. က ဓာတုဓာတ်ပြယ်ပစ္စည်းတစ်မျိုးဖြစ်သည့် Dolomite နှင့် Zeoplus ဆေးများကို ပြသထားသည်။

Dolomite သည် ငါး၊ ပုစွန် ကုန်ထုတ်လုပ်ငန်းအတွင်း ကန်အောက်ခြေကြမ်းပြင် အပေါ်ယံမြေထုနှင့် ရေထုလွှာတို့၏ ချဉ်ဖန်နှုန်းပါဝင်မှုနှင့် ပြောင်းလဲမှုများ ပုံမှန်ရှိအောင် ဆောင်ရွက်ပေးပြီး ကန်အောက်ခြေကြမ်းပြင်မြေထုအတွင်း အချဉ်ဓာတ်ဖြစ်တည်လာသော ကန်များ၊ အချဉ်ပေါက်နှုန်းမြင့်မားသည့် ကန်များ၌ Dolomite ကို ထည့်သွင်း အသုံးပြုခြင်းကြောင့် ငါး၊ ပုစွန်တို့အား ရှင်သန်ကြီးထွားအသားတိုးမှုကို မြင့်မားစေသည်။

### ပြုပြင်နိုင်

ထို့အပြင် Zeoplus ဓာတုဒြပ်ပေါင်းသည် ငါး၊ ပုစွန် ကုန်ထုတ်လုပ်ငန်း၏ ရေထုမြေထု အခြေအနေများကို ပြုပြင်ထိန်းသိမ်းရာတွင် အသုံးပြုသည်။ Zeoplus သည် အဆိပ်ဖြစ်စေသည့် ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှားပေးပြီး ရေထု၊ မြေထု၏ ချဉ်ဖန်နှုန်း အတက်အကျကို ထိန်းပေးကာ သက်ရှိအပင်၊ အကောင်များ၏ ရှင်သန်ပေါက်ပွားမှုကို ထိန်းညှိပေးသည်။ ၎င်းအပြင် ရေထုအတွင်း အောက်ဆီဂျင်ပျော်ဝင်မှုကို မြင့်မားစေပြီးရောဂါပိုးမွှားပေါက်ပွားမှုကို လျော့နည်း ကျဆင်းစေသည်။ ရေထု၊ မြေထု၏ အရည်အသွေးကျဆင်းမှုကို လျင်မြန်ထိရောက်စွာ ပြုပြင်နိုင်သည်။

အဆိုပါ ဓာတုဒြပ်ပေါင်း Dolomite နှင့် Zeoplus တို့ကို စီးပွားဖြစ် ငါး၊ ပုစွန်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် Myanmar Pioneer Star Co., Ltd. အမှတ်(၈၂) ဗဟိုလမ်း ၃(ခ)ရပ်ကွက် ငွေကြာရံရိပ်သာ တောင်ဥက္ကလာပမြို့နယ်မှ ဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ) (သတင်းစဉ်)**



## လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၁၅**

သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားအရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မာလောက(ဓမ္မာစရိယ) ဆရာတော်အရှင်မြတ်သည် ဒီဇင်ဘာ၂၂ရက်မှ ၂၈ရက်အထိ ခုနစ်ရက်တရားစခန်းပွဲကို သန်လျင်မြို့ လက်ယက်စမ်းအုပ်စု ပျဉ်းထောင်ကျောင်းကျေးရွာ ဓမ္မသုခကျောင်းတိုက် ပဓာနနာယကဆရာတော်၏ ဝိဇာတမင်္ဂလာအလှူတော်၌ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ ယောဂီများသည် ဒီဇင်ဘာ ၂၁ရက်၌ တရားစခန်းသို့ လာရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## သဃ်န်းကျွန်းအထည်စက်ရုံ အမှတ်(၁၅) ဈေးပြိုင်စနစ်အရ ရောင်းချမည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း သဃ်န်းကျွန်း အထည်စက်ရုံအမှတ်(၁၅) အမှတ်၂၀ ဦးဘဟန်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့၏ မြေဧရိယာ ၁ဒသမ၃၅၀ ဧကကို ကြမ်းခင်းဈေးငွေကျပ် တစ်ရာခြောက်ဆယ့်ငါးသန်းငါးသိန်းငါးသောင်းခုနစ်ထောင်ဖြင့် ဈေးပြိုင်စနစ်အရ ပုဂ္ဂလိကပိုင်လုပ်ငန်းရှင်များသို့ အပြီးအပြတ် ရောင်းချသွားမည်ဖြစ်သည်။

### တင်သွင်း

ဝယ်လိုသူ ပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဒီဇင်ဘာ၂၀ရက်မှစတင်၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနရုံး အမှတ် ၃၂ နေပြည်တော်)၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၁၉ရက်တွင်သာ (တစ်ရက်တည်း) နံနက်၁၀နာရီမှ ညနေ၄နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

### ဦးစားပေးမည်

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေး စဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားတင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင် မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

### မေးမြန်းစုံစမ်းနိုင်

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ရုံးအမှတ်၃၂ နေပြည်တော် ဖုန်း-၄၀၆၀၆၉သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကြက်ဆူသီးများ လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက် ရောဂါမကျရောက်အောင် ကာကွယ်၊ စနစ်တကျပြုစုပျိုးထောင်

ရန်ကုန် ဒီဇင်ဘာ ၁၅

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြသည်။**

တိုင်းမှူးနှင့် အဖွဲ့သည် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံ၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ခြံစည်းများအား ကြည့်ရှုစစ်ဆေး၍ **(အောက်ပုံ)** တာဝန်ရှိသူများကို ကြက်ဆူအသီးများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ပိုးမွှား ကော်မတီ၏ ဧက၁၀၀၀ကော်ဖီစီမံကိန်းတွင် စိုက်ပျိုးထားရှိသော ပြောင်းစိုက်ပျိုး ဧက ၃၀ မှ ထွက်ရှိသည့် တိရစ္ဆာန်အစာ





ရိုး ကြက်ဆူဧက ၁၀၀ တိုးချဲ့စိုက်ပျိုးရန်အတွက် ပျိုးစင်များတွင် ခြံစည်းရိုး ကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဌာန ၁၄ ဌာနတို့မှ ဌာနအလိုက် ခြံစည်းရိုး ကြက်ဆူဧက ၁၂၀ စိုက်ပျိုးထားရှိမှုနှင့်ကြက်ဆူပင်များဖြစ်ထွန်းမှု၊ အသီးသီးမှု အခြေအနေများ၊ စုပေါင်းပေါင်းလိုက် မြေတောင်မြှောက်ခြင်းလုပ်ငန်း ရောဂါကျရောက်မှုမရှိအောင် ကာကွယ်တားဆီးရေးနှင့် စနစ်တကျ ပြုစုပျိုးထောင်သွားကြရန် မှာကြားသည်။

## စုဆောင်းထားရှိမှု

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးဌာန အစာစပ်စက်ရုံသို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူ ဧက ၁၀၀ တိုးချဲ့စိုက်ပျိုးရန် ကြက်ဆူစေ့မျိုးများ စုဆောင်းထားရှိမှု၊ ကြက်ဆူစေ့များ အခွံခွာမှု၊ ဆီကြိတ်ရန် ကြက်ဆူစေ့များ စုဆောင်းထားရှိမှုနှင့် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအနီးရှိ မန္တလေးမြို့တော်စည်ပင်သာယာရေး ပြောင်းဖူးစေ့များ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ ဝက်အကောင် ၁၀၀၀ မွေးမြူရေးခြံသို့ရောက်ရှိပြီး Large White ဝက်မျိုးများ မွေးမြူဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို ဝက်များ စွန့်ပစ်အညစ်အကြေးမှ ဇီဝဓာတ်ငွေ့ ထုတ်ယူနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

## မှာကြား

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမွေးမြူရေးခြံရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းမှူးအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံတွင် ကြက်ဆူဧက ၁၂၀ စိုက်ပျိုးထားရှိမှုနှင့် စိုက်ခင်းကုန်ကျစရိတ်များ၊ ခြံအတွင်း ရေဝပ်ဧရိယာများတွင် ကန်စွန်းနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက စိုက်ပျိုးမွေးမြူရေးခြံအတွင်း မြေလွတ်မရှိစေရေးအတွက် စနစ်တကျ စီမံစိုက်ပျိုးသွားရန် မှာကြားသည်။ **(သတင်းစဉ်)**





ဒဂုံ မြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာ့ဒီပ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ဝင်ရာလမ်းဖြစ်သော မဂ္ဂင်လမ်းမကြီး ခင်းရန်အတွက် မယ်တော်ကြီး ဒေါ်ခေမာစာရီ မိသားစု (သာသနာ့ဒီပ) ကျောင်းတိုက်မှ အလှူတော် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ကျောင်းတိုက် ပဓာနနာယက ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

# သဲအင်းဂူ ငါးရက်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၁၆) ရက်ကွက် သာသနာ့ဒီပ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်ကျင်းပသော အဓိဋ္ဌာန်တရားစခန်းပွဲကို မူလကျေးဇူးရှင် သဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တ မုနိန္ဒ (ကျိုက်ပိုင်း)၊ ဘဒ္ဒန္တ ဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သိရိန္ဒ၊ အရှင်သုနန္ဒ(သာသနာ့ဒီပ) ဆရာတော်များက ပြာသိုလဆန်း ၁ ရက်မှ ၅ ရက်အထိ ငါးရက်တိုင်တိုင် ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသူ ယောဂီများသည် နတ်တော်လကွယ်နေ့ ညနေအရောက် မိမိတို့ မှတ်ပုံတင်များယူဆောင်၍ လာရောက်ကြရန်နှင့်အရဏ်ဆွမ်း၊ နေ့ဆွမ်းအလှူရှင်များ လာရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# မှန်ကန်သောရည်ရွယ်ချက်၊ မွန်မြတ်သော ရှေ့လုပ်ငန်းစဉ်များချမှတ် အသင်းဝင်များ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက် ပြည်သူများ၏ အခက်အခဲ ပူးပေါင်းဖြေရှင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၀ရက် မွန်းလွဲပိုင်းက အင်းစိန်မြို့နယ် ဖန်စက်လမ်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ မြို့နယ်ရုံးခန်းမ၌ကျင်းပသော စည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၇) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။** (အောက်ပုံ)





သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသူရိန်၊ အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်လွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူးများနှင့်အမှုဆောင်များ၊ အလှူရှင်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအမှုဆောင် အင်းစိန်မြို့နယ်တာဝန်ခံ ဦးခင်မောင်မြင့်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် အသင်းကြီးအနေဖြင့် မှန်ကန်သော ရည်ရွယ်ချက်၊ မွန်မြတ်သော ရှေ့လုပ်ငန်းစဉ် မူဝါဒများကို ချမှတ်ထားပြီးဖြစ်၍ အသင်းဝင်များက လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများ လိုအပ်နေသော အခက်အခဲများကို အသင်းဝင်များက ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိပြီး အသင်းဝင်အင်အားလည်း တိုးတက်လာမှာ ဖြစ်ကြောင်း၊ အသင်းကကြီးမှူး ဖွင့်လှစ်သည့် သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူများ ကြိုးစားသင်ယူ စေလိုကြောင်း ပြောကြားသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် အလှူရှင် ၂၃ဦးတို့က အလှူငွေကျပ် စုစုပေါင်း၄၉၀၀၀၀ကို သင်တန်းအတွက်လှူဒါန်းကြရာ အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်လွင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ သင်တန်းကို သင်တန်းသား ၈၀ဖြင့် ဒီဇင်ဘာ ၁၀ ရက်မှ ၂၄ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# ဂုဏ်ပြုဆု

**အထက(၁)ဒဂုံ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၉ရက်က အဆိုပါကျောင်းရှိ ဒဂုံသီရိကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၏ ဇနီး ဒေါ်သဇင်နွယ်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် မကေသီခိုင်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။**

(က-ပ)



**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဒီဇင်ဘာ ၁၂ ရက်က ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အမှတ် (၁) ရပ်ကွက် အမက(၄) ကျောင်းခန်းမ၌ လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲကိုကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်း အမှာစကားပြောကြားစဉ်။**

(မြို့နယ် ပြန်/ဆက်)

# အာရှအားကစားအမျိုးသားဘောလုံးပြိုင်ပွဲ အိမ်ရှင်ကာတာအသင်း ဗိုလ်စွဲ

ဒိုဟာ ဒီဇင်ဘာ ၁၅

**(၁၅)ကြိမ်မြောက် ဒိုဟာအာရှ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၄ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။**

**ရေးသားတင်ပြသူ– မြင့်မောင်စိုး**

### ဘောလုံး

မြောက်ကိုရီးယား အမျိုးသမီး ဘောလုံးအသင်းသည် ဂျပန်အမျိုးသမီး အသင်းကို ပယ်နယ်တီလေးဂိုး– နှစ်ဂိုး သွင်းယူပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

တရုတ်အမျိုးသမီး ဘောလုံး အသင်းက တောင်ကိုရီးယား အမျိုးသမီးဘောလုံးအသင်းကို နှစ်ဂိုး–ဂိုးမရှိ ဖြင့်နိုင်ပြီး တတိယကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### တင်းနစ်

အမျိုးသား တင်းနစ်နှစ်ယောက်တွဲပြိုင်ပွဲတွင် အိန္ဒိယမှ ပေယက်စ် နှင့် မန်ဟက်ချ်တို့အတွဲက ထိုင်းမှ ဆန်ချိုင်းနှင့် ဆွန်ချက်တို့အတွဲကို နှစ်နာရီနှင့် ၄၄မိနစ် ကစားကာ ၅–၇၊ ၇–၆၊ ၆–၃ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။



**အောင်ပွဲခံ**

**အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဂျပန် အသင်းကို အနိုင်ရပြီး အောင်ပွဲခံနေသော မြောက်ကိုရီးယားဘောလုံး အ သင်း အား ဤ သို့ တွေ့ ရ သည်။**

(ဓာတ်ပုံ– အင်တာနက်)

အီရန်အသင်းက တောင်ကိုရီးယားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### ဝူရှူး

အမျိုးသား တိုက်ချိချွမ် ဝူရှူး ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ဂူယာနန်က ရွှေ၊ ဟောင်ကောင်မှ ဟိုင်ဇီက ငွေ တံဆိပ်ဆွတ်ခူးပြီး စင်ကာပူမှ ဂို့ကျူ ဘင်က ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီးတိုက်ချိချွမ် ဝူရှူးပြိုင်ပွဲ တွင် ဂျပန်မှ ချိုင်ဖောင်းရင်က ရွှေ တံဆိပ်ဆွတ်ခူးပြီး တစ်နိုင်ငံတည်းသူ အိုက်မီယိုကာက ငွေတံဆိပ်ဆွတ်ခူး နိုင်ခဲ့ကာ ကြေးတံဆိပ်ကို မလေးရှားမှ ရှင်ရီးက ဆွတ်ခူးသွားသည်။




**အမျိုးသား တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးသွားသော ထိုင်းမှ ဒါနိုင်း၏ ယှဉ်ပြိုင်ကစားဟန်။** (ဓာတ်ပုံ–အင်တာနက်)

**အမျိုးသမီးဝူရှူးပြိုင်ပွဲတိုက်ချိချွမ်ပြိုင်ပွဲတွင် အနိုင်ရသွားသော** (ဝဲမှယာ) **ငွေ၊ရွှေနှင့်ကြေး ဆုတံဆိပ်ရရှိသူများအား တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

### လက်ဝှေ့

အမျိုးသား၄၈ကီလိုတန်းလက်ဝှေ့ ပြိုင်ပွဲတွင် တရုတ်မှ ကျို့ရှီမင်းက ထိုင်းမှ ပါန္ဒွန်ဆူဘန်ကိုနိုင်ပြီ ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။

အမျိုးသား ကီလို၆၀တန်းလိုက် ဝိတ် လက်ဝှေ့ပြိုင်ပွဲတွင် တရုတ်မှ ဟူကျင်းက မွန်ဂိုလီးယားမှ ယူရာချင် ဗက်ကိုနိုင်ပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

### တစ်ဦးချင်းတင်းနစ်

အမျိုးသား တစ်ဦးချင်း တင်းနစ် ပြိုင်ပွဲတွင် ထိုင်းမှ ဒါနိုင်းယူဒွန်ချိုကီက တောင်ကိုရီးယားမှ လီဟွမ်တိုက်အား အနိုင်ရပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ သည်။

### နပန်း

အမျိုးသား ၅၅ကီလိုတန်း နပန်း ပြိုင်ပွဲတွင် မြောက်ကိုရီးယားမှ ဂျွန်ဟိုင် အွန်ဂတ်နှင့် ဥဇဘတ်ကစ္စတန်မှ မန်ဆူ ရော့ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ဆူ ရော့ဗ်က အနိုင်ရပြီး ရွှေတံဆိပ်ဆွတ် ခူးနိုင်ခဲ့သည်။

### ဘောလုံး

ကာတာအမျိုးသား ဘောလုံး အသင်းသည် အီရတ်အသင်းကို အနိုင် ရပြီး ယင်း၏မြေပေါ်တွင် ရွှေတံဆိပ် ဆွတ်ခူး နိုင်ခဲ့ပြီဖြစ်သည်။ အီရတ် အသင်းသည် ဒုတိယငွေတံဆိပ်ဖြင့် သာ ကျေနပ်လိုက်ရသည်။



**အာရှအားကစားပြိုင်ပွဲဆုတံဆိပ်ရရှိမှု**

| စဉ် | | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | တရုတ် | ၁၆၃ | ၈၇ | ၆၃ | ၃၁၃ |
| ၂။ | တောင်ကိုရီးယား | ၅၇ | ၅၃ | ၈၂ | ၁၉၂ |
| ၃။ | ဂျပန် | ၅၀ | ၇၁ | ၇၇ | ၁၉၈ |
| ၄။ | ကာဇက်စတန် | ၂၃ | ၁၉ | ၄၃ | ၈၅ |
| ၅။ | ထိုင်း | ၁၃ | ၁၅ | ၂၆ | ၅၄ |
| ၆။ | အီရန် | ၁၁ | ၁၅ | ၂၁ | ၄၇ |
| ၇။ | ဥဇဘက်ကစ္စတန် | ၁၁ | ၁၄ | ၁၄ | ၃၉ |
| ၈။ | အိန္ဒိယ | ၁၀ | ၁၈ | ၂၆ | ၅၄ |
| ၉။ | တရုတ်(တိုင်ပေ) | ၉ | ၉ | ၂၇ | ၄၅ |
| ၁၀။ | မလေးရှား | ၈ | ၁၇ | ၁၇ | ၄၂ |

**(အင်တာနက်)**



၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) လေ့လှော်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေ့အလွတ်တန်းပြိုင်ပွဲတွင် အနိုင်ရရှိသွားသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

# တပ်မတော်(ကြည်း၊ရေ၊လေ)လှေလှော်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၅

**၂၀၀၆ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းတပ်မတော် (ကြည်း၊ရေ၊လေ)လှေလှော်ပြိုင်ပွဲဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ တပ်မတော် လှေလှော်ရွက်တိုက်အသင်း (အင်းလျားကန်)၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

### အနိုင်ရရှိ

ဖွင့်ပွဲ အပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ အပြည်ပြည် ဆိုင်ရာလှေ လူသစ်တန်း တံခွန်စိုက် ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)အသင်း၊ မြန်မာ့ရိုးရာလှေ လူသစ် တန်း တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)အသင်း၊ ကန္နားကယက် လှေ လူသစ်တန်း တံခွန်စိုက် ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ အပြည်ပြည်ဆိုင်ရာ လှေအလွတ်တန်း တံခွန်စိုက်ဒိုင်းဆုကို ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်း၊ မြန်မာ့ရိုးရာလှေ အလွတ်တန်း တံခွန်စိုက်ဒိုင်းဆုကို အနောက်တောင်တိုင်း စစ်ဌာနချုပ် အသင်းနှင့် ကန္နားကယက် လှေအလွတ် တန်း တံခွန်စိုက်ဒိုင်းဆုကို အနောက် တောင်တိုင်း စစ်ဌာနချုပ်အသင်းတို့က အသီးသီး အနိုင်ရရှိသွားကြသည်။

### တံခွန်စိုက်ဒိုင်းဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနား ကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုး အစားအလိုက်ဆုရရှိသော အသင်းများ အား တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိကြီးများက ဆုများ ပေးအပ် ချီးမြှင့်ကြပြီး ၂၀၀၆ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း၊ တပ်မတော်(ကြည်း၊ရေ၊လေ)လှေလှော် ပြိုင်ပွဲ၊အပြည်ပြည်ဆိုင်ရာ လှေအလွတ် တန်းပြိုင်ပွဲ တွင် အနိုင်ရရှိသွားသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား ရေဝတီရေတပ် စခန်းဌာန ချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့် ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည် ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထား သည့် အားကစားကွင်းများ၌ ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပ သည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ် အား ကစားကွင်း (မင်္ဂလာဒုံ)၌ ကျင်းပသော ပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းက တပ်မတော် (ရေ)အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် လည်းကောင်း၊ စလင်းအားကစားကွင်း (ကြည့်မြင် တိုင်)၌ ကျင်းပသောပြိုင်ပွဲတွင် အလယ် ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်ထား

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်း၌ ရေယာဉ်များ ဖြတ် သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် ၇ နှင့် ၈ အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် ၆ နှင့် ၇ အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့ရာမှ ယခုအခါ ရေလမ်း ကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်း ကို ဒီဇင်ဘာ၁၅ရက်မှ စတင်၍ အစုန်/ အဆန် လမ်းအဖြစ် ရေလယ်တိုင် အမှတ် ၆ နှင့် ၇ အကြားမှ ပြောင်းလဲ ဖွင့်လှစ်ထားသည်။

### မီးနီထွန်း

ပြောင်းလဲဖွင့်လှစ်ထားသော ရေ လမ်းကြောင်း၏ ကင်းလွတ် အကျယ် မှာ ပေ ၃၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ် သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင် တြိဂံ အမှတ်အသား ပြသထား၍ ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့် ရေလမ်း၌ အနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထား ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတား ရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ် တိုင်၏ တစ်ဖက်တစ်ချက်၌ ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင် ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်း ရေယာဉ်များ တစ်တွဲချင်းချိတ်ဆွဲ ဖြတ် သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံ လောက်သော အကွာအဝေးမှာ ချဉ်း ကပ် လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်း ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော် ချက် သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့၏ ကြီးကြပ်မှု ဖြင့် မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို မြို့ကြီးများ၌ ကျင်းပသွားမည်ဖြစ်ရာ ပဲခူးမြို့ Hantharwaddy Golf & Country Club တွင် ဇန်နဝါရီ ၂ ရက် မှ ၅ ရက်အထိ MPGA & MGF President Cup 2007 ကို လည်းကောင်း၊ မုံရွာမြို့ မုံရွာဂေါက်ကလပ်တွင် ဇန်နဝါရီ ၉ ရက်မှ ၁၂ ရက် အထိ Monywa Open Golf Championship 2007 ကို လည်းကောင်း၊ မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်းတွင် ဇန်နဝါရီ ၁၆ ရက်မှ ၁၉ရက်အထိ Shwesaryan Open Golf Championship 2007 ကို လည်းကောင်း ကျင်းပပေးသွားမည် ဖြစ်သည်။ သိရှိလိုပါက ရုံးခန်းမ ဖုန်း– ၅၄၂၉၈၉ နှင့် ၇၂၃၂၂၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ

# မန္တလေးမြို့ ဗထူးကွင်းတွင် ဒီဇင်ဘာ ၁၇ ရက်၌ စတင်ယှဉ်ပြိုင်မည်

**သတင်းဆောင်းပါး**

**ကိုထွေး**

**ရန်ကုန် ဒီဇင်ဘာ ၁၅**

အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co.,Ltd.တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006) ကို မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ဒီဇင်ဘာ ၁၇ ရက်(မနက်ဖြန်)မှ ၂၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် လေးသင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် အသင်း၊ အင်ဒိုနီးရှားလက်ရွေးစင်အသင်း၊ မြန်မာ(ယူ-၂၃)လက်ရွေးစင်အသင်းနှင့် မလေးရှား(ယူ-၂၃) လက်ရွေးစင်အသင်းတို့ ဖြစ်ကြသည်။

## ပွဲစဉ်ရေးဆွဲထား

ပြိုင်ပွဲအတွက် ပွဲစဉ်များရေးဆွဲထားပြီးဖြစ်ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ပထမပွဲစဉ်အဖြစ် မြန်မာ(ယူ-၂၃) အသင်းနှင့် မလေးရှား(ယူ-၂၃) အသင်း၊ ဒုတိယပွဲစဉ်အဖြစ် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ပထမပွဲစဉ်အဖြစ် မြန်မာ (ယူ-၂၃)အသင်းနှင့် အင်ဒိုနီးရှား လက်ရွေးစင်အသင်း၊ ဒုတိယပွဲစဉ် အဖြစ် မြန်မာ့လက်ရွေးစင် အသင်းနှင့် မလေးရှား(ယူ-၂၃)အသင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ပထမပွဲစဉ်အဖြစ် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် မလေးရှား(ယူ-၂၃)အသင်း၊ ဒုတိယပွဲစဉ် အဖြစ် မြန်မာ့လက်ရွေးစင် အသင်းနှင့် မြန်မာ(ယူ-၂၃)အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပထမပွဲစဉ်ကို ညနေ ၃ နာရီခွဲတွင် လည်းကောင်း၊ ဒုတိယပွဲစဉ်ကို ညနေ ၆ နာရီတွင်လည်းကောင်း ကျင်းပမည် ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲသို့ အမှတ်အများဆုံးနှစ်သင်း တက်ရောက်ခွင့်ရရှိမည်ဖြစ်ရာ ဒီဇင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၄၀၀၀၊ ရိုးရိုးတန်း ကျပ် ၂၀၀၀ သတ်မှတ်ထားပြီး ပွဲကစားမည့်ရက်၌ လက်မှတ်ဝယ်ဝင်စနစ်ဖြင့် ဗထူးအားကစားကွင်း၌ ရောင်းချပေးမည် ဖြစ်သည်။

## မြန်မာ့လက်ရွေးစင်အသင်း

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးတင်ဟန်၊ နည်းပြများအဖြစ် ဦးဆန်းဝင်းနှင့် ဦးကြည်လွင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ်**(ဂိုး)** အောင်အောင်ဦး၊ ကိုကိုအောင်၊ တင်ယု၊ **(နောက်တန်း)**ဇော်ထက်အောင်၊ဇော်လင်းထွန်း၊ မင်းသူ၊ မိုးဝင်း၊ ခင်မောင်လွင်၊ အောင်ဇော်မျိုး၊ **(အလယ်တန်း)**ခင်မောင်ထွန်း၊ စိုးမြတ်မင်း၊ အောင်ကျော်ထွန်း၊ အောင်မျိုးသန့်၊ ကျော်ခိုင်ဝင်း၊ စိုးသီဟအောင်၊ အောင်မြင့်အေး၊ ကျော်သီဟ၊ **(ရှေ့တန်း)**ကျော်သူရ၊ ရန်ပိုင်၊ စည်သူဝင်း တို့ပါဝင်ကြသည်။

## မြန်မာ(ယူ-၂၃)အသင်း

မြန်မာ(ယူ-၂၃)လက်ရွေးစင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြများအဖြစ် ဦးတင်မြင့်အောင်နှင့် ဦးစိုးမိုး၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်တို့က တာဝန်ယူဆောင်ရွက်ကြမည် ဖြစ်သည်။

အားကစားသမားများအဖြစ် **(ဂိုး)** ကျော်ဇင်ထက်၊ ဇော်မိုးထက်၊ **(နောက်တန်း)**ဟန်ဝင်းအောင်၊ ထူးကျော်၊ တိုးမြင့်လှိုင်၊ အောင်ကျော်ဦး၊ ချမ်းချမ်း၊ အေးဆန်း၊ **(အလယ်တန်း)**ဝင်းမင်းထွဋ်၊ လှအေးထွေး၊ ဘိုဘိုအောင်၊ ကျော်ဌေးဦး၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း၊ စိုးလင်းထွန်း၊ **(ရှေ့တန်း)** ရဲဝေယံစိုး၊ ပိုင်စိုး၊ ပြည့်ဖြိုးဦးတို့ပါဝင် ကြသည်။

## အင်ဒိုနီးရှားအသင်း

အင်ဒိုနီးရှားလက်ရွေးစင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူ/နည်းပြအဖြစ် ရာဟာန်ဆိုခါဆက်၊ လက်ထောက် အုပ်ချုပ်သူအဖြစ် ဂါဘီအိုက်စခန်ဒါ၊ လက်ထောက်နည်းပြအဖြစ် ဘမ်ဘမ့်ချ်တို့က တာဝန်ယူဆောင်ရွက်ကြမည် ဖြစ်သည်။



**ချီးမြှင့်မည့်ဆုဖလား**

**၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲသည့်အသင်းအား ချီးမြှင့်မည့်ဆုဖလား။ (မြန်မာ့အလင်း)**

အားကစားသမားများအဖြစ် ယူဆက်စူတန်၊ ဇာဘီဖလီ၊ ဟန်ဒရာ၊ တာယူမီအို၊ တိုနီ၊ မိုဟာမက်အန်ဒစ်၊ ဂျီနိုဆီတီယာအက်ဒ်ဟီ၊ ဂျာဂျန်၊ အာမက်၊ ဒီယန်အက်ဂတ်စ်၊ အီယန်လူးဝစ္စ၊ ခိုမက်၊ အိုင်မန်၊ ဟာမန်၊ ဂါလီ၊ ဝက်ဖ်ယူ၊ အာဒရန်၊ ဖန်ရှိုင်း၊ နာနန်ချ်၊ ဆစ်ဝမ်တို တို့ပါဝင်ကြသည်။

## မလေးရှား(ယူ-၂၃)အသင်း

မလေးရှား(ယူ-၂၃)လက်ရွေးစင်ဘောလုံးအသင်းတွင် နည်းပြချုပ်အဖြစ် အာဘာဟာစ်စရန်၊ လက်ထောက်နည်းပြအဖြစ် ဟာဂျီအာမက်နှင့် ပက်ခ်လာဆာမိတို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ် နာစရီ ဘင်နော်ဒင်၊ မွတ်စစ်ရယ်လ်အိုမာ၊ ဘင်ခါဒီဟာ၊ လင်ဂမ်စရီရှုနန်၊ ဘင်မက်အာခူ၊ အဇူရယ်လ်အာမက်၊ ဆရမ်စီဘင်ဆက်တူ၊ ဆူဘန်ဂျာမာလုဒင်၊ ဘင်ဂျာမာလုဒင်၊ အူကာဒီလက်၊ မွတ်ရှာစီဘင်ဆရီ၊ ဘင်အက်ဘာရာ၊ ဇစ်မွတ်အာစီရယ်လ်၊ ဆာရက်ဟူစိန်၊ ဆော်ရာပါရက်ဒ်၊ တာလာဟာ၊ ဆာဖစ်ဘင်ရာဟင်၊ မာတီမင်းဘင်ဂမ်ဘရီတို့ ပါဝင်ကြသည်။

## ဒိုင်လူကြီးများ

ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲကြီးကြပ်သူအဖြစ် မြန်မာနိုင်ငံမှ ဦးရဲထွဋ်တင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ ဒိုင်လူကြီး ကြီးကြပ်သူအဖြစ် မြန်မာနိုင်ငံမှ ဦးထွန်းလှအောင်(ဒိုင်ကြီးကြပ်၊ အာရှဘောလုံးအဖွဲ့ချုပ်)၊ ကွင်းလယ်ဒိုင်လူကြီးများအဖြစ် မြန်မာနိုင်ငံမှ ဦးဝင်းချိုနှင့် ဦးစိုးမိုးကျော်၊ ဗီယက်နမ်နိုင်ငံမှ Vo Minh Tri၊ ကမ္ဘောဒီးယားမှ Chhum Tri၊ အကူဒိုင်လူကြီးများ အဖြစ် ဘရူနိုင်းနိုင်ငံမှ Haji Seridin Mohd၊ လာအိုနိုင်ငံမှ Sinthalavong၊ ဖိလစ်ပိုင်နိုင်ငံမှ Montana၊ ထိုင်းနိုင်ငံမှ Borikut တို့က တာဝန်ယူကြီးကြပ်ကြမည် ဖြစ်သည်။

## ဆုချီးမြှင့်မည်

ဒုတိယအကြိမ် ဂရင်းရွိုင်ရယ် ဖလား နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ ငွေသားဆုချီးမြှင့်မည်ဖြစ်ရာ ပထမဆု အမေရိကန်ဒေါ်လာ ၁၅၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၇၅၀၀နှင့် ပွဲစဉ်အလိုက် အကောင်းဆုံးဆုများချီးမြှင့်မည်ဖြစ်သည်။ ပထမအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ၂၀၀၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ၂ရက်အထိ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။ ပထမအကြိမ်ပြိုင်ပွဲတွင် မြန်မာအသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ဖူးသည်။

## ဗထူးကွင်း

မြန်မာနိုင်ငံ၌ နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ နှစ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်ရာ ရန်ကုန်မြို့၌သာ ကျင်းပခဲ့ခြင်း ဖြစ်သည်။ ယခုပြိုင်ပွဲကို မန္တလေးမြို့ဗထူးအားကစားကွင်း၌ ကျင်းပခြင်းသည် အထက်မြန်မာပြည်၌ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲကို ပထမအကြိမ်ကျင်းပနိုင်ခြင်းပင် ဖြစ်သည်။ အထက်မြန်မာပြည် မန္တလေးမှ ပြည်သူများ နိုင်ငံတကာ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုခွင့်ရရှိစေရန်၊ အထက်မြန်မာပြည်မှ မျိုးဆက်သစ်လူငယ်ဘောလုံးသမားများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နောင်လာမည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများကို ဗထူးအားကစားကွင်း၌ ကျင်းပနိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ စီစဉ်ကျင်းပခြင်း ဖြစ်သည်။

မန္တလေးမြို့ရှိ ဗထူးအားကစားကွင်းကို နိုင်ငံတကာပြိုင်ပွဲ အင်္ဂါရပ်နှင့်အညီ ကျင်းပနိုင်ရေးအတွက် အဆင့်မီအားကစားကွင်းကြီးအဖြစ် ပြင်ဆင်ထားပြီးဖြစ်သည်။ ကွင်းအောက်ခံမြေနှင့် မြက်ခင်း၊ မီးမောင်းလေးဖက်လေးစင်၊အဆင့်မီပွဲကြည့်စင်၊ ဂိုးအရေအတွက်ပြ အမှတ်အသား (Goal Score Board)နှင့် ကွင်းပြင်ပ ပန်းအလှ စိုက်ပျိုးခြင်း လုပ်ငန်းများကို ငွေကျပ် သိန်းပေါင်း၃၅၀၀နှင့် အက်ဖ်အီးစီ ၁၅၃၆၀ အကုန်အကျခံ၍ပြုပြင်မွမ်းမံခဲ့သည်။

## ပံ့ပိုးကူညီ

Grand Royal Challenge Cup 2006 ဖြစ်မြောက်ရေးအတွက် International Beverages Trading Co. Ltd.ကအဓိကပံ့ပိုးပြီး Co. Sponsors များအဖြစ် Air Bagan , Hotel Mandalay , Mitsubishi Electric, Super Lemon Tea, Laser သွားတိုက်ဆေး၊ One Tea နို့ဆီနှင့် Asia အချိုရည်တို့က ပံ့ပိုးကူညီကြကြောင်းသိရသည်။

## စောင့်စားကြည့်ရှု

ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသည်အထက်မြန်မာပြည်မန္တလေးမြို့ဗထူးအားကစားကွင်း၌ ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး အာဆီယံဒေသတွင်းမှ ပြိုင်ဘက်ကောင်းများဆုံတွေ့ကြခြင်းဖြစ်ရာ မြန်မာဘောလုံးဝါသနာရှင်များ စိတ်လှုပ်ရှားစွာစောင့်စားကြည့်ရှုအားပေးကြရမည့် ပွဲကြီးပွဲကောင်းဖြစ်ပါကြောင်း သတင်းစကားပါး ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

အထက်မြန်မာပြည် မန္တလေးမှ ပြည်သူများ နိုင်ငံတကာ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ကိုယ်တိုင်ကိုယ်ကျကြည့်ရှုခွင့်ရရှိစေရန်၊ အထက်မြန်မာပြည်မှ မျိုးဆက်သစ်လူငယ်ဘောလုံးသမားများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နောင်လာမည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများကို ဗထူးအားကစားကွင်း၌ ကျင်းပနိုင်ရန် ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်။




# ဒီဇင်ဘာ လူထုအားကစားလ ပြည်မြို့၌ စုပေါင်းလမ်းလျှောက်

**ပြည် ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်သည် ဒီဇင်ဘာ ၉ ရက် နံနက် ၆ နာရီက ပြည်မြို့ ဗိုလ်ချုပ် မြင်းစီး ကျောက်ရုပ်ရှေ့၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ ဒုတိယပတ် ပဲခူးတိုင်း(အနောက်ပိုင်း) စုပေါင်းလမ်းလျှောက်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြည်သူများနှင့်အတူ လမ်းလျှောက်သည်။

အခမ်းအနားတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းအားကစားနှင့် ကာယပညာကော်မတီ ပဲခူးတိုင်း(အနောက်ပိုင်း)မှ ကော်မတီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးကောလိပ်၊ သူနာပြု သင်တန်းကျောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် ပြည်သူများက မြို့နယ်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်းတွင် စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်မှုများ ပြုလုပ်ကြသည်။

**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

# လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၅**

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမန်းက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စု ၁၀၉ အုပ်စုနှင့် ရပ်ကွက် ၁၂ ရပ်ကွက်မှ သင်တန်းသား ၃၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ဖြစ်ကြောင်းသိရသည်။

**(ဝ၆၁)**



**စဉ့်ကူးမြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းပေါင်းစုံ န၀မအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၇ရက်က မြို့နယ်သာသနာ့ဗိမာန်တော်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ရွှေကူကြီးကျောင်းတိုက်ဆရာတော်အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (မြို့နယ် ပြန်/ဆက်)

# ဒေသခံပြည်သူများနှင့် မိသားစုသပွယ် စကားဝိုင်းဆွေးနွေး မောင်တောအထကသို့ သန့်ရှင်းရေးသုံးပစ္စည်းများလှူဒါန်း

**မောင်တော နိုဝင်ဘာ ၂၀**

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက မောင်တောမြို့ ဝေသာလီကျေးရွာသို့ သွားရောက်၍ အခြေခံပညာမူလတန်းကျောင်းခန်းမတွင် ဒေသခံပြည်သူများနှင့် မိသားစုသဖွယ် စကားဝိုင်းဆွေးနွေးပွဲများကျင်းပသည်။

ထို့နောက် မောင်တောမြို့နယ် (အထက)ကျောင်းသို့ သွားရောက်၍ ကျောင်းအတွင်း အမှိုက်ကင်းစင်၊ ခြင်ကြားကင်းစင်၊ ဆေးလိပ်ကင်းစင် ကျောင်းဆိုင်းဘုတ်ဖွင့်ပွဲသို့ တက်ရောက်၍ ကျောင်းအတွက်လိုအပ်သော အမှိုက်ပုံး၊ တံမြက်စည်း၊ ရေစစ်နှင့် အမှိုက်စသော သန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ **(ပြည်နယ် အမျိုးသမီးရေးရာ)**

# ဟသ်ာတမြို့ အထက(၄) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပမည်

**ဟသ်ာတ ဒီဇင်ဘာ ၁၀**

ဟသ်ာတမြို့ အထက (၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၄) ဘုရင့်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ကျောင်းသား ကျောင်းသူဟောင်းများ လှူဒါန်းလိုပါက ဒေါ်အေးအေးသွင် ဖုန်း–၅၁၃၃၃၃ လိုင်းခွဲ ၃၃၁၊ ဦးဝင်းအောင် ဖုန်း–၅၂၇၄၄၆၊ ဗိုလ်မှူးလှိုင်မြင့် ဖုန်း–၀၉ ၉၉၂၆၁၄၅၊ ဒေါက်တာနော်မာသေး ဖုန်း–၀၉ ၈၀၂၁၄၉၇၊ ဦးညွန့်လှိုင် ဖုန်း–၀၄၄–၂၁၁၃၂၊ ဦးမောင်မောင်စိုး ဖုန်း–၀၄၄–၂၁၅၉၁၊ ဦးကျော်လွင်စန်း ဖုန်း–၀၄၄–၂၁၆၃၈နှင့် ဦးမျိုးသန့်ကျော် ဖုန်း–၀၄၄–၂၁၆၈၆တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

အာစရိယပူဇော်ပွဲသို့ ဒီဇင်ဘာ ၃၀ ရက် နံနက် ၇ နာရီတွင် အမှတ် ၂၇၄(B) မြဝတီလမ်း စမ်းချောင်းမြို့နယ်မှ ဟသ်ာတမြို့သို့ ကားများ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**



**ပုလောမြို့နယ် မလိကျွန်းရှိ ငါးကျွန်းကျေးရွာ ရေပေးဝေမည့် ကျောက်စီရေတားတမံလုပ်ငန်း ပြီးစီးနေမှုနှင့် ရေပိုက်ဆက်သွယ်ရေလွှတ်မည့် အခြေအနေကို နိုဝင်ဘာ ၂၃ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန်တို့ ကွင်းဆင်းစစ်ဆေးစဉ်။** (တိုင်းစည်ပင်)



**နမ္မတူမြို့နယ် မန်စံကျေးရွာအဝင်လမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်းထားမှုကို နိုဝင်ဘာ ၁၃ရက်က အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် ရီရှူး–မံသဲ ကျေးလက်ကျောက်ချောလမ်းခင်းဆောင်ရွက်မှုကို နိုဝင်ဘာ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးဌေးကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဆွေက ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)

# စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဟိုပုံးမြို့၌ဖွင့်

**ဟိုပုံး ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈နာရီခွဲက ဟိုပုံးမြို့နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်ဖုံမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဟိုပုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်က သင်တန်းနှင့် ပတ်သက်သည်များကို ဆွေးနွေးသည်။

**(မြို့နယ် ပြန်/ဆက်)**

**ကျုံပျော်မြို့မဈေးကြီးအတွင်းရှိ သားငါးတန်းနှင့် မုန့်စားတန်းများ ယင်လုံဆန်ခါဖြင့် စနစ်တကျရောင်းချမှုကို နိုဝင်ဘာ ၁ ရက်က အမှုဆောင်အရာရှိ ဦးသန်းအေး ကွင်းဆင်းစစ်ဆေးရာ ဦးစီးအရာရှိ ဒေါ်ကြည်ကြည်မေက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



## ပိုးမွှားဆေးဖျန်း

**ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အပြင်တွင် ခြင်၊ ယင်များ မပေါက်ပွားစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ နိုဝင်ဘာ ၂၄ရက်က ပိုးမွှားဆေးဖျန်းစက်ဖြင့် ပက်ဖျန်းစဉ်။**

(မြို့နယ်စည်ပင်)



# လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၁၅**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈နာရီက ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဌေးဦး၊ ဦးအောင်သောင်း၊ ဗိုလ်ချုပ်စောထွန်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်စိုးနိုင်၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဦးသောင်း၊ ဒေါက်တာချမ်းငြိမ်း၊ ဒေါက်တာကျော်မြင့်နှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ

*စာမျက်နှာ ၈ ကော်လံ ၁* ❐



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်(သိပ္ပံ) ဆုရရှိသူ ဗိုလ်လောင်းဝေလင်းအောင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## ချီတက်အလေးပြု



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်း ချီတက်အလေးပြုစဉ်။** (သတင်းစဉ်)

## ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင်

**နိုင်ငံတော်ကြီးဟာလဲ ဘယ်ခေတ် ဘယ်အခါနဲ့မျှမတူအောင် တည်ငြိမ်အေးချမ်းမှုကို ရရှိနေပြီဖြစ်၊ ဒါကြောင့် စစ်မှန်တဲ့ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည်သာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ကြောင်း အခိုင်အမာတွေ့ရှိရ၊ ရောက်ရာဒေသ ကျရာတာဝန်မှာ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ပြီး ဆောင်ရွက်။**

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး